# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၃၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရရှိလာသည့်သင်ခန်းစာများ၊ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်လာပါက လိုအပ်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထား

နေပြည်တော် ဩဂုတ် ၉

လက်ရှိအခြေအနေများအရ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျသွားသော်လည်း ပေါ့ဆစွာဖြင့် နေထိုင်သွားလာလုပ်ဆောင်မှုများကို မလုပ်ဆောင်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ရရှိလာသည့် သင်ခန်းစာများ၊ အတွေ့အကြုံများကို မေ့လျော့မသွားကြစေလိုဘဲ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပါက လိုအပ်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ **

မြန်မာ့အလင်း

## နေမြဲအတိုင်းသာ နေကြပါလျှင်

ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်း လျော့ကျလာသည့် လက္ခဏာများကို တွေ့ရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရောဂါကူးစက်မှုများပြားသည့် မြို့နယ်များတွင် အသွားအလာ ကန့်သတ်မှုနှင့် နေအိမ်တွင်သာ နေထိုင်သည့် အစီအစဉ်တို့ ချမှတ်ခဲ့ခြင်း၏ အကျိုးဆက်ဟု ဆိုရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် ခုခံအားလျော့နည်းကျဆင်းသည့် ရောဂါကဲ့သို့ပင် လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းများအကြား ကာလရှည်ကြာစွာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာရှင်များက ယူဆထားကြရာ မိမိကိုယ်ကို ရောဂါကူးစက်မှု မခံရစေရေးအတွက် သတိထား၍ ကာကွယ်ကြရတော့မည် ဖြစ်သည်။ နေမှု ထိုင်မှု သွားမှု လာမှု လှုပ်ရှားမှုအားလုံးတွင် မမြင်မတွေ့နိုင်သော်လည်း အန္တရာယ်ကြီးမားလှသည့် ကိုဗစ်ရောဂါပိုးကို သတိကြီးကြီးထားကာ ရှောင်ရှားကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ တတိယလှိုင်းသည် ရောဂါပိုး၏ ဗီဇပြောင်းလဲသွားခြင်းကြောင့် ပိုမိုပြင်းထန်သွားပြီး ပို၍အန္တရာယ်ကြီးလာကြောင်း သတိပေး ပညာပေးမှုများကို မြို့ရွာဒေသတိုင်းတွင် ပြုလုပ်လျက်ရှိသည်။ သို့ရာတွင် ရောဂါ၏အန္တရာယ်ကြီးမားပြင်းထန်မှုကို ကိုယ်တွေ့မျက်မြင် မဟုတ်သေးသူတို့အနက်မှ ပေါ့ဆစွာ သတိကင်းမဲ့စွာ နေထိုင်သွားလာနေမှုများ လက်ရှိအခြေအနေအထိ တွေ့မြင်နေရဆဲဖြစ်သည်။ အလုပ်သမား ကြိုပို့ကားများပေါ်တွင် အစုလိုက် အပြုံလိုက် စီးနင်းလိုက်ပါနေကြသူများအနက် အများစုက ပါးစပ်နှာခေါင်းစည်း တပ်ဆင်မထားသည့် မြင်ကွင်း၊ လုပ်ငန်းခွင် ထမင်းစားချိန်များတွင် ဝိုင်းဖွဲ့ စားသောက်နေကြသည့် မြင်ကွင်း၊ ပါးစပ်နှာခေါင်းစည်းကို မေးတွင် ချိတ်၍လည်းကောင်း၊ လုံးဝမဝတ်ဆင်ဘဲလည်းကောင်း ဈေးရောင်းချနေကြသည့်မြင်ကွင်းတို့ကို နေ့စဉ်ပင် တွေ့မြင်နေရဆဲဖြစ်သည်။

ကိုဗစ်-၁၉ တတိယလှိုင်းတွင် မျိုးဗီဇပြောင်း ဒယ်လ်တာ ဗိုင်းရပ်စ်ပိုးကြောင့် လူတစ်ဦးနှင့် တစ်ဦး ကူးစက်မှုမှာ ရောဂါပိုးရှိနေသူတစ်ဦးမှ နောက်ထပ်နှစ်ဦးမှသည် ငါးဦးခန့်ထိ ကူးစက်နိုင်သည့်အတွက် အချိန်တိုတိုအတွင်း လူအမြောက်အမြားကို ကူးစက်ပြန့်ပွားနိုင်သည်။ ကူးစက်ပြန့်ပွားမှုနှုန်းမြင့်မားလာသည့် အခြေအနေတွင် မိမိအိမ်တွင် နေထိုင်သည့် အစီအစဉ်ချမှတ်ခြင်း၊ အများပြည်သူ ရုံးပိတ်ရက်ရှည်များ သတ်မှတ်ရခြင်း၊ ဈေးများ ဖွင့်လှစ်ရောင်းချမှု ကန့်သတ်ရခြင်းတို့ ကဲ့သို့သော ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေး ဆောင်ရွက်ချက်များသည် မဖြစ်မနေ ပြုလုပ်ရခြင်းဖြစ်သည့်တိုင် အမြဲတမ်းမကြာခဏ ဆောင်ရွက်နေရပါက ပြည်သူများ၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်း ကျောင်းမှုများ လွန်စွာထိခိုက်ရသည်ကိုလည်း သတိပြုကြရမည် ဖြစ်သည်။

ကိုဗစ်-၁၉ တတိယလှိုင်းတွင် ရောဂါကူးစက်မှုသည် လူဦးရေ ထူထပ်သည့်မြို့ကြီးများတွင်သာမက မြို့ငယ်များနှင့် ကျေးလက်ဒေသများအထိ ရောက်ရှိလာပြီဖြစ်သည်။ ဒေသနေသူများက ယခင် နေမြဲအတိုင်း အမှတ်မထင် ဂရုမပြုနေထိုင်ခြင်းဖြင့် အချိန်မရွေး ကူးစက်ခံရပြီး အန္တရာယ်ဇုန်ထဲသို့ ကျရောက်သွားမည်ဖြစ်ရာ အသက်ကို အသိဉာဏ်ဖြင့် စောင့်ရှောက်ကြရန်နှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများကလည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုနှင့် မဖြစ်မနေ လိုက်နာကျင့်သုံးကြစေရေး လှုံ့ဆော်တိုက်တွန်းမှုတို့ ဆတက်တိုး၍ ပြုကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ယနေ့တွင် အသိပေးကြေညာထားသည်။

အဆိုပါစာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဇူလိုင် ၁ ရက်က နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ဇူလိုင် ၃၀ ရက်အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ခဲ့ကြောင်းနှင့် ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်းအမည်စာရင်းအား သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က) (ခ) အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်စုဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# သနပ်ပင်မြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ပဲခူး ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၉ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာရှိ ဦးဝင်းထိုက်မောင်၏ ဥစားဘဲကောင်ရေ ၂၅၀၀၀နှင့် ဘဲသားပေါက် ကောင်ရေ ၆၅၀၀မွေးမြူရေးခြံသို့ ရောက်ရှိခဲ့ပြီး ဒေသတွင်း စားသုံးမှုဖူလုံစေရေး၊ ဈေးကွက်ခိုင်မာမှုရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် တိရစ္ဆာန်အစာများ တစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဘဲမွေးမြူရေးခြံအတွင်းရှိ ဘဲသားဖောက်စက် လည်ပတ်နေမှု ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကမာစဲကျေးရွာရှိ နန်းအိလှိုင် အသားတိုး ကြက်မွေးမြူရေးခြံနှင့် ဦးမောင်ဦး၏ ဧက ၆၀ ငါးမွေးမြူရေးကန်သို့ ရောက်ရှိခဲ့ပြီး တိရစ္ဆာန်အစာများ တန်ဖိုးသင့်နှုန်းထားဖြင့် ရရှိနိုင်ရေးနှင့် တွက်ခြေကိုက်ဈေးကွက် တစ်ခုရရှိစေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ရောက်ရှိကာ စခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးက မျိုးငါးမွေးမြူထားရှိမှု၊ ငါးသားပေါက် ထုတ်လုပ်မှုနှင့် ငါးမျိုးစိုက်ထည့်မှု အခြေအနေများ ရှင်းလင်းတင်ပြရာ **(အောက်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆည်၊ တမံ၊ မြစ်၊ ချောင်းများ အတွင်းသို့ ဒေသငါးမျိုးများ အချိန်မီရာနှုန်းပြည့် ငါးမျိုးစိုက်ထည့်သွားရန်၊ ဒေသခံငါးမွေးသူများကိုလည်း ဒေသငါးမျိုးများ ဖြန့်ဖြူးပေးရန်နှင့် ဘက်ထရီ ရှော့တိုက် ငါးဖမ်းဆီးမှုများအား ထိထိရောက်ရောက် တားဆီး အရေးယူ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိခဲ့ပြီး ဆေးရုံအုပ်ကြီးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် Oxygen Plant တည်ဆောက်ရန် မြေနေရာ ရှင်းလင်းနေမှု အခြေအနေများ တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က Oxygen Plant အတွက် လုံခြုံရေးနှင့် လျှပ်စစ်မီးရရှိရေး စီစဉ်ဆောင်ရွက်ပေးပြီး သနပ်ပင်ဆေးရုံအတွက် အိမ်သုံးအောက်ဆီဂျင်စက် နှစ်လုံးနှင့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း၊ စေတနာ့ဝန်ထမ်းများအတွက် PPE Level(1) အထည် ၁၀၀၊ Hand Gel ၊ Maskနှင့် ထောက်ပံ့ငွေကျပ်ငါးသိန်းကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်သည်။

**တင်စိုး( ပဲခူး)**



# မလှိုင်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေး အလှူငွေပေး

**မလှိုင် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပညာရေးမိသားစုက အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအလှူငွေကျပ် ၁၆ သိန်း ပေးလှူပွဲနှင့် အောက်ဆီဂျင်ဘူး လီတာ ၄၀ အိုး ၃၀ ပေးအပ်ပွဲကို ဩဂုတ်လပထမပတ်က မြို့နယ်ထွေ / အုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးရွှေက ပညာရေးဝန်ထမ်းများ၏ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးရန်ပုံငွေကျပ် ကိုးသိန်းကို ပရဟိတအသင်း Saving Mahlaing အတွက် ငွေကျပ် ငါးသိန်း၊ QCSGအဖွဲ့အတွက် ငွေကျပ် နှစ်သိန်း စုစုပေါင်း ငွေကျပ် ၁၆ သိန်း ပေးလှူဒါန်းသည်။

ဆက်လက်၍ အောက်ဆီဂျင် လီတာ ၄၀ အိုး ၃၀ ကို မြို့နယ်ဆေးရုံသို့ မြို့နယ်အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအတွင်းရေးမှူး ဦးကုဋေအောင်က မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ဇော်ဝင်းထံသို့ မြို့နယ်ကိုဗစ်-၁၉ ကော်မတီကိုယ်စား ပေးလှူကြောင်း သိရသည်။

**ငွေးမြင့်မောင်**

## ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

** ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုသည် ဇွန်လနှောင်းပိုင်းတွင် ကူးစက်မှုနှုန်း မြန်ဆန်မြင့်မားလာသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ ရောဂါကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆုံးဖြတ်ချက်များ အချိန်နှင့် တစ်ပြေးညီချမှတ်နိုင်ရေး၊ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဆောလျင်စွာ လုပ်ဆောင်နိုင်ရေးအတွက် ဇူလိုင် ၉ ရက်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့အချိန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

အခြေခံစားသောက်ကုန်များ၊ အခြေခံအိမ်သုံးဆေးပစ္စည်းများ၊ ကုန်ဈေးနှုန်းကြီးမြင့်လာသည်ကို တွေ့ရှိရကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွင် Cost of Production (ထုတ်လုပ်မှု ကုန်ကျစရိတ် များပြားခြင်းကြောင့် မြင့်မားခြင်း)နှင့် Supply and Demand (စားသုံးသူနှင့် ထုတ်လုပ်သူမမျှတခြင်းကြောင့် မြင့်မားခြင်း)ဟူ၍ ရှိကြောင်း၊ အဆိုပါ အကြောင်းနှစ်ခုမှလွဲ၍ ကုန်ဈေးနှုန်းမြင့်မားရန် အကြောင်းမရှိကြောင်း၊ ရောဂါကန့်သတ်ချက်များကြောင့် လမ်းပန်းဆက်သွယ်မှု ကုန်ကျစရိတ်နှင့် လုပ်အားခ ကုန်ကျစရိတ်များကြောင့် အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းမြင့်မားမှုရှိသည်ကို မပြောလိုသော်လည်း မတန်တဆ ဈေးတင်ရောင်းချမှုများကို မဖြစ်စေလိုကြောင်း၊ ထိုသို့ ကုန်ဈေးနှုန်းများ မြင့်မားလာစေရန်၊ ပစ္စည်းပြတ်လပ်၍ ဈေးမြင့်မားလာစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် သိုလှောင်ခြင်း၊ ဈေးကစားခြင်းများ လည်းရှိသဖြင့် အခြေခံစားကုန်၊ သုံးကုန်များ



ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။




ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရှင်းလင်းတင်ပြစဉ်။




တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှင်းလင်းတင်ပြစဉ်။

အထိ အစည်းအဝေး ၇ ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့အစည်းအဝေးများပြုလုပ်ခြင်း၊ ဗဟိုကော်မတီမှ တစ်ဆင့် နေ့စဉ်ကြပ်မတ်ကွပ်ကဲခြင်း၊ တာဝန်ရှိသူ အသီးသီးနှင့် ပြည်သူလူထုတို့မှ ဝိုင်းဝန်းစုပေါင်းပါဝင် လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုအချိန်တွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း။

**အထူးဂရုစိုက်ရန်လိုအပ်**

ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင်လည်း ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရောဂါကူးစက် ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၈ ရက် ညပိုင်းအထိ တစ်ကမ္ဘာလုံးတွင် ရောဂါပိုးအတည်ပြုသူ ၂၀၂ သန်းကျော်၊ သေဆုံးသူ ၄ ဒသမ ၃ သန်းကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ရောဂါပိုး အတည်ပြုသူ ၃ သိန်း ၂ သောင်းကျော်နှင့် သေဆုံးသူ ၁ သောင်းတစ်ထောင်ကျော် ရှိပြီဖြစ်ကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ် ထားနိုင်သည်ဆိုသော်လည်း စိတ်ချရသည့် အနေအထားတွင် မရှိသေးကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို ယခုဩဂုတ်လတွင် တစ်ဝက်၊ ခေါက်ချိုးကျသည်အထိ ဆွဲချနိုင်ရေး ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခင်က ၄၀၀၀ ဦးခန့်ဖြစ်ပွားမှုကို ၂၀၀၀ ဦးအထိ လျှော့ကျနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ပြီး နောက်လများတွင် ထိုထက်ပိုမိုကျဆင်းအောင် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဩဂုတ် ၁ ရက်တွင် ကူးစက်ဖြစ်ပွားသူ ၃၄၀၀ ကျော်ရှိခဲ့ပြီး ၈ ရက်တွင် ကူးစက်ဖြစ်ပွား သူ ၃၂၀၀ ကျော်ဖြစ်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်တွင်ရှိနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ရောဂါကူးစက် ဖြစ်ပွားမှုများကို အမြန်ဆုံးဆွဲချပေးနိုင်ခဲ့ကြောင်း၊ လူဦးရေထူထပ်များပြားသည့် တိုင်းဒေသကြီးများအနေဖြင့် အထူးဂရုစိုက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အချို့ရောဂါဖြစ်ပွားမှုနှုန်း နည်းပါးသည့် နေရာဒေသများသည်လည်း မပေါ့ကြစေလိုကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျစေရေးချမှတ်ထားသည့် သတ်မှတ်ထားသည့် သွားလာနေထိုင်မှုများကို Indicator၊ Figure တို့တွင် ကြည့်ရှုပါက မြို့ကြီးများတွင် လိုက်နာမှုရှိပြီး လျော့ကျလျက်ရှိသော်လည်း အချို့မြို့များ၊ ဒေသများတွင် ပုံမှန်အတိုင်း လှုပ်ရှားသွားလာလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပေါ့ပေါ့ဆဆ နေထိုင်သွားလာလှုပ်ရှားမှုများကို မလုပ်ကြစေလိုကြောင်း၊ သက်ဆိုင်ရာဒေသများရှိ တာဝန်ရှိသူများ အနေဖြင့်လည်း နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ၊ လိုက်နာရန် လိုအပ်သည်များကို လူတိုင်းသိရှိအောင် လုပ်ဆောင်ပေးရန် လိုကြောင်း။

**ကူညီဆောင်ရွက်ပေး**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းမှစ၍ ဈေးနှုန်းမြင့်မားမှု မရှိစေရေး တာဝန်ရှိသူများက ထိန်းသိမ်းလုပ်ဆောင်ပေးကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စားကုန်၊ သောက်ကုန်ထုတ်လုပ်သည့်နိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် အခြေခံစားသုံးကုန်များ ကုန်ဈေးနှုန်းမြင့်မားနေမှုသည် သဘာဝမကျကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိဒေသခံပြည်သူများ စားရေးဖူလုံမှုရှိစေရန် လုပ်ဆောင်လျက်ရှိကြသည့် အစိုးရပိုင်၊ တပ်မတော်ပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများအား ကြည့်ရှုအားပေးစေခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးပစ္စည်းများ၊ အခြေခံအိမ်သုံးဆေးပစ္စည်းများနှင့် ပတ်သက်၍ မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တင်သွင်းခွင့်ပေးထားပြီးဖြစ်သဖြင့် သက်သာသောဈေးနှုန်းများဖြင့်သာရောင်းချပေး၊ ရန်ကုန်နှင့် အချို့မြို့ကြီးများမှတစ်ဆင့် ရပ်ဝေးဒေသများသို့ ဖြန့်ချိခြင်းများလုပ်ဆောင်ရခြင်းဖြစ်သဖြင့် တိုက်ရိုက်မရောက်ရှိဘဲ တစ်ဆင့်ခံရောက်ရှိသုံးစွဲရသူများအတွက်ပါ ထည့်သွင်းစဉ်းစား၍ ဈေးနှုန်းသက်သက်သာသာနှင့် ဝယ်ယူသုံးစွဲနိုင်အောင် ကိုယ်ချင်းစာတရားထား၍ လုပ်ဆောင်၊ ထို့ပြင် ဆေးဝါးများ expired မဖြစ်စေရေးနှင့် လိုအပ်နေသူများထံသို့ အချိန်မီ ရောက်ရှိစေရေး လုပ်ဆောင်၊ အောက်ဆီဂျင်နှင့်ပတ်သက်၍ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသော်လည်း အစိုးရ၊ တပ်မတော်၊ အခြားလူမှုရေး အဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ကုမ္ပဏီများနှင့် လူတစ်ဦးချင်းမှအစပြု၍ ဝိုင်းဝန်းကူညီမှုများဖြင့် တက်ညီလက်ညီဆောင်ရွက်နိုင်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပြီး အလုံအလောက်ရရှိနိုင်အောင် လုပ်ဆောင်ပေးလျက်ရှိ**

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးပစ္စည်းများ၊ အခြေခံအိမ်သုံးဆေးပစ္စည်းများနှင့် ပတ်သက်၍ မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တင်သွင်းခွင့်ပေးထားပြီးဖြစ်သဖြင့် သက်သာသော ဈေးနှုန်းများဖြင့်သာ ရောင်းချပေးစေလိုကြောင်း၊ ရန်ကုန်နှင့် အချို့မြို့ကြီးများမှတစ်ဆင့် ရပ်ဝေးဒေသများသို့ ဖြန့်ချိခြင်းများ လုပ်ဆောင်ရခြင်းဖြစ်သဖြင့် တိုက်ရိုက် မရောက်ရှိဘဲ တစ်ဆင့်ခံရောက်ရှိသုံးစွဲရသူများအတွက်ပါ ထည့်သွင်းစဉ်းစား၍ ဈေးနှုန်းသက်သက်သာသာနှင့် ဝယ်ယူသုံးစွဲနိုင်အောင် ကိုယ်ချင်းစာတရားထား၍ လုပ်ဆောင်ပေးကြစေလိုကြောင်း၊ ထို့ပြင် ဆေးဝါးများ expired မဖြစ်စေရေးနှင့် လိုအပ်နေသူများထံသို့ အချိန်မီ ရောက်ရှိစေရေး လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း၊ အောက်ဆီဂျင်နှင့် ပတ်သက်၍ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသော်လည်း အစိုးရ၊ တပ်မတော်၊ အခြားလူမှုရေး အဖွဲ့အစည်းများ၊

*စာမျက်နှာ ၄ သို့*

- **ရောက်ရှိလာသည့် ဆေးဝါးများကို စဉ်ဆက်မပြတ်ဖြန့်ဝေ၍ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာထိုးနှံပေးသွားရန်လို**
- **ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေး ထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန်လို**
- **တိုင်းရင်းဆေးမှ ကာကွယ်ဆေးနှင့် ကုသဆေးများထုတ်လုပ်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆေးတပ်ဖွဲ့တို့မှ စနစ်တကျသုတေသနပြု၍ ခိုင်မာတိကျစွာဖြင့် ထိထိရောက်ရောက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**
- **ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် မိမိတို့နိုင်ငံသားများအား ရောဂါကူးစက်မှု ရှိ၊ မရှိ စနစ်တကျ စိစစ်၍ ရောဂါကူးစက်ခံရသူများအား ဆေးဝါးကုသမှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေး**
- **ကူးစက်ခံရမှုမရှိသူများကိုလည်း လိုအပ်သည့်စောင့်ကြည့်မှုများပြီးစီးပါက သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစိုးရအဖွဲ့များက ကူညီဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

စေတနာရှင်များ၊ ကုမ္ပဏီများနှင့် လူတစ်ဦးချင်းမှအစ ပြု၍ ဝိုင်းဝန်းကူညီမှုများဖြင့် တက်ညီလက်ညီ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပြီး အလုံအလောက်ရရှိနိုင်အောင် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းသွားမည့် ရောဂါမဟုတ်ဘဲ ဗီဇပြောင်းရောဂါပိုးများ ဆက်တိုက်ပေါ်ထွက်လျက်ရှိသဖြင့် Oxygen Plant များကို ဆက်လက်တည်ဆောက်၍လည်း ကြိုတင်ကာကွယ် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကူးစက်ဖြစ်ပွား မှုနှုန်းလျော့ကျသွားသည်ဆိုပြီး ပေါ့ဆစွာ မလုပ်ဆောင်ကြစေလိုကြောင်း၊ လူ့အသက်များစွာဖြင့် ရင်းပြီးရခဲ့သည့် သင်ခန်းစာများ၊ အတွေ့အကြုံများ ဖြစ်သဖြင့် မေ့လျော့မသွားကြစေလိုဘဲ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပါက လိုအပ်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

### သုတေသနလုပ်နေတာရှိ

ထို့နောက် ကိုဗစ်ရောဂါနှင့်ပတ်သက်၍ လုပ်ဆောင်ပေးရမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆက်လက်ပြောကြားရာတွင် **“ကိုဗစ်နဲ့ ပတ်သက်ပြီးတော့ အချက် ၅ ချက် ကျွန်တော်ပြောလိုပါတယ်။ နံပါတ် ၁ အချက်ကတော့ ဒီရောဂါသည် စောစောက ကျွန်တော်ပြောသလိုပဲ ဘယ်လိုမှ အရှင်းပျောက်မယ့် အခြေအနေ မဟုတ်ဘူး၊ အရှင်းပျောက်မယ့်အခြေအနေ မဟုတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ပတ်ဝန်းကျင်ကောင်းတွေကို ဖန်တီးပေးဖို့လိုတယ်။ ဥပမာအားဖြင့် - ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူနေမှုစရိုက်တွေ၊ လူနေမှုစနစ်တွေ ဒါတွေကို ကျွန်တော်တို့က လုပ်ပေးဖို့လိုတယ်။ ဒါကျတော့လည်း လူတွေရဲ့ အသိပညာ၊ အတတ်ပညာ၊ နောက်တစ်ခါ လူမှုအဆင့်အတန်းဆိုတာဟာလည်း ဝင်ငွေတို့၊ ဘာတို့လည်း စကားပြောတယ်၊ စီးပွားရေးကောင်းဖို့လည်း လိုတယ်။ နိုင်ငံတော်အစိုးရကလည်း ဝင်ငွေကောင်းနေဖို့လိုတယ်၊ ပြည်သူကလည်း ဝင်ငွေကောင်းနေဖို့ လိုတယ်။ အစိုးရကလည်း ဝင်ငွေရှိမှသာ အစိုးရတာဝန်ယူရတဲ့ ပတ်ဝန်းကျင်ကောင်းတွေကို၊ ဥပမာ- ပန်းဥယျာဉ်တွေ ဖော်ထုတ်ပေးတာတို့၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ပေးတာတို့၊ ဒါကျတော့ အစိုးရဝင်ငွေရှိမှ လုပ်လို့ရတာတွေရှိတယ်။ ပတ်ဝန်းကျင်ကောင်းတွေပေါ့၊ တစ်ဦးချင်းကျတော့လည်း သူတို့အိမ်တွေကို သန့်သန့်ရှင်းရှင်းနဲ့ သပ်သပ်ရပ်ရပ်နဲ့ လေလုံမိုးလုံနဲ့ ဒီလိုလုပ်နိုင်တဲ့ အခြေအနေမျိုး ပတ်ဝန်းကျင်ကောင်းတွေ ကျွန်တော်တို့ ဖန်တီးဖို့ လိုပါတယ်။ နံပါတ် ၁ အချက် အရေးကြီးပါတယ်။ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမယ်။ ပြည်သူရော၊ အစိုးရရော လုပ်ရမယ့် သဘောရှိတာပေါ့။ ဒုတိယက ဘာလဲဆိုတော့ ကိုယ်ခံစွမ်းအားတွေကောင်းအောင်၊ တစ်ဦးချင်းရဲ့ ကိုယ်ခံစွမ်းအားတွေကောင်းအောင်၊ ကျန်းမာကြံ့ခိုင်အောင် ကျွန်တော်တို့က လုပ်ရမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့က အားကစားတွေ ဘာတွေအားပေးရမယ်။ လူတွေ ကိုယ်ခံစွမ်းအားကောင်းအောင် ကျွန်တော်တို့က လုပ်ပေးရမယ်။ အဲဒါနဲ့ ဆက်စပ်တာက ဘာလဲဆိုတော့၊ စားနပ်ရိက္ခာတွေ ဖူလုံပေါ်များရေးပေါ့၊ တတိယအချက်က ဖူလုံပေါ်များရေးပါ၊ စားနေမှလည်း သူက အားရှိမှာ။ အားရှိမှလည်း ကိုယ်ခံစွမ်းအားဆိုတာလည်းရှိမှာ၊ အားမရှိဘဲနဲ့ ကိုယ်ခံစွမ်းအား ဘယ်လိုမှကောင်းစရာမရှိဘူး။ ကြံ့ခိုင်ဖို့ဆိုတာကလည်း လေ့ကျင့်မှပေါ့၊ လေ့ကျင့်မှသာ ကိုယ်ခံစွမ်းအားဆိုတာက လည်း ကောင်းလာမှာပေါ့၊ ဒီလိုဖြစ်အောင် ကျွန်တော်တို့က လုပ်ရမယ်။ အဲဒီတော့ ကျွန်တော်တို့က စားနိုင်အောင်လုပ်ပေးရမယ်။ စားနိုင်အောင်လုပ်ပေးဆိုတော့၊ စောစောက ကျွန်တော်ပြောသလို ကျွန်တော်တို့က စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံတဲ့ တိုင်းပြည်တစ်ခုဖြစ်တဲ့ အတွက် ကျွန်တော်တို့မှာ စားရေရိက္ခာမပေါ်စရာ မပြည့်စုံစရာ အကြောင်းမရှိဘူး၊ ကျွန်တော်တို့လုပ်ဖို့ပဲ လိုတယ်။ ကျွန်တော်တို့က စားရေရိက္ခာပေါ်များအောင်လုပ်ပေးနိုင်မယ်ဆိုရင်၊ ကျွန်တော်တို့ ပေါပေါများများစားရမယ်ဆိုရင် လူတွေရဲ့ ကျန်းမာရေးမှာ များစွာ အထောက်အကူရလာလိမ့်မယ်။ ဒါကိုမှ တစ်ခါ ပတ်ဝန်းကျင်ကောင်းနဲ့ပေါင်းစပ်ပြီးတော့ လုပ်မယ်ဆိုရင်၊ နောက် ကျန်းမာကြံ့ခိုင်ရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ ကာကွယ်ရေးမှာတော့ များစွာ အကျိုးရှိမယ်ဆိုတာတော့ ကျွန်တော်တို့ ပြောလိုတယ်။ နောက်တစ်ခု အဲဒီလိုလုပ်နိုင်ဖို့ဆိုတာက တစ်ဖက်ကလည်း ကာကွယ် ကုသဆေးတွေလည်း ပြည့်စုံအောင် ဆောင်ရွက်ပေး ဖို့လိုပါတယ်။ ကာကွယ်ဆေးရယ်၊ ကုသဆေးရယ်၊ ဒါ အနာဂတ်မှာ မလုပ်လို့မရပါဘူး၊ အနာဂတ်မှာ ကာကွယ်ဆေးရော၊ ကုသဆေးရော ကျွန်တော်တို့ ထုတ်ကို ထုတ်ရမယ်၊ ဒါ ပြည်တွင်းမှာ ကျွန်တော်တို့ မလုပ်လို့မရဘူး၊ လူသန်းပေါင်း ၅၀ ကျော်လောက် ဟာကို၊ တစ်ချိန်လုံး နိုင်ငံခြားက ဝယ်ဖို့ဆိုတာ ကတော့ တိုင်းပြည်မွဲသွားလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ ထုတ်လို့ရအောင် ကျွန်တော်တို့ ကြိုးစားရမယ်။ ကာကွယ်ဆေးရော၊ ကုသဆေးရော ကျွန်တော်တို့ ရအောင်လုပ်ကြမယ်။ နောက်တစ်ခုက ဘာလဲဆိုရင် အဲဒီထဲမှာ လူပြောများနေတာက တိုင်းရင်းဆေးပါ။ တိုင်းရင်းဆေးကလည်း အခု ကျန်းမာရေးဝန်ကြီးဌာနရယ်၊ နောက်တစ်ခါ ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးက ဆေးသုတေသနတပ်တွေရယ်၊ ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ ဒါတွေ သုတေသနလုပ်နေတာရှိတယ်။ တိုင်းရင်းဆေးဦးစီးဌာနရောပေါ့၊ အဓိကကတော့ တိုင်းရင်းဆေးကနေ ဦးစီးပြီးလုပ်ကြတာပေါ့၊ ဒါကို ခေတ်သစ်နည်းပညာတွေနဲ့ ပေါင်းစပ်ပြီးတော့ တိုင်းရင်းဆေးတွေကို ကျွန်တော်တို့ ဖော်ထုတ်ဖို့ လိုတယ်။ ပြည်နယ်တွေမှာလည်း တိုင်းရင်းဆေး ပညာရှင်တွေရှိပါတယ်။ ဆေးအကျော်အမော်တွေ ရှိကြတယ်။ ကရင်ပြည်နယ်မှာရှိတယ်။ ကချင်ပြည်နယ်မှာ ရှိတယ်။ ရှမ်းပြည်နယ်မှာရှိတယ်။ ပြည်နယ်တွေ မှာလည်း၊ ကျွန်တော်တို့ မပြောနိုင်တဲ့၊ မသိတဲ့ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ပညာရှင်တွေရှိမှာပါ။ သူတို့နဲ့ ခေါ်ယူတွေ့ဆုံဆွေးနွေးပြီးတော့မှ လက်တွေ့ကျတဲ့ဟာပေါ့၊ ကျွန်တော်တို့မှာတော့ တစ်ဖုံထည့်မယ်တို့၊ နှစ်ဖုံထည့်မယ်တို့၊ သေချာသိပ္ပံနည်းကျပေါ့၊ သူ့ရဲ့ စကေးလ် အတိအကျနဲ့၊ တကယ့်ကို နည်းစနစ်ကျကျနဲ့ ဖော်ထုတ်ပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကိုဗစ်နဲ့ပတ်သက်တဲ့ ကာကွယ်ကုသဆေးဟာ ပြည်တွင်းမှာပဲ လုပ်လို့ရမယ့် အနေအထားရှိတယ်။ ဒါကိုလည်း တိုင်းရင်းဆေးအပါအဝင် ကာကွယ်ဆေး၊ ကုသဆေးများကိုလည်း ပြည့်စုံအောင် ရေရှည်အတွက်ကြည့်ပြီး ဆောင်ရွက်ပေးကြဖို့ ကျွန်တော် ပြောလိုပါတယ်။ နောက် နံပါတ် ၅ အချက်ပေါ့ အဲဒါဘာလဲဆိုတော့ ပြည်သူတွေကို ဝင်ငွေကောင်းအောင် ဆောင်ရွက်ပေးဖို့ပဲ၊ ဝင်ငွေမရှိရင် ဘာမှလုပ်လို့မရဘူး။ အမြဲတမ်း၊ ထာဝရ ဝင်ငွေရနေရမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အရင်အစိုးရတွေ လက်ထက်ကတည်းက ပြောတယ်။ ဆင်းရဲမှုနှုန်းလျှော့ချရေးဆိုပြီးတော့ လုပ်နေတာရှိတယ်။ ရာနှုန်းပြည့် မအောင်မြင်သေးပါဘူး၊ ခုထက်ထိ မအောင်မြင်သေးဘူး၊ အခု ကိုဗစ်ဖြစ်တော့ ပိုဆိုးလာတယ်။ ပိုပြီးတော့ ဆင်းရဲမှုတွေ ပိုများလာတယ်။ အဲဒီတော့ ပြည်သူတွေရအောင်ဆောင်ရွက်ပေးရမယ်။ ဝင်ငွေရဖို့ နည်းလမ်းကတော့ ဘာလဲဆိုတော့ စောစောကပြောတဲ့ ရေခံမြေခံရှိပြီးသား စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကနေပြီးတော့ ဝင်ငွေရအောင် ရှာဖို့ပဲ၊ အဲဒီတော့ ပြည်နယ်နဲ့ တိုင်းအစိုးရများက ဦးဆောင်ပြီးတော့မှ ထိထိမိမိဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်”**ဟု ပြောကြားသည်။

### ဆက်လက်ထိုးနှံရေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတို့အတွင်း ကူးစက်ပြန့်ပွားမှု နှင့် ကူးစက်ပြန့်ပွားမှုလျော့ကျလာသည့် အခြေအနေ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ရောဂါဖြစ်ပွားလာမှ ကုသခြင်းထက် မဖြစ်ပွားမီ ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ ကူးစက်ပြန့်ပွားမှု ကျဆင်းလာသည်နှင့်အညီ ဖြေလျှော့မှုများဆောင်ရွက်ရာတွင် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ စင်တာများအလိုက် ပြုစုကုသမှု ဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများအား ရောဂါစစ်ဆေးခြင်းနှင့် ကူးစက်မှုထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံတကာမှ မှာယူထားသည့် ကာကွယ်ဆေးများရောက်ရှိမှု၊ ထိုးနှံရေးဆောင်ရွက်နေမှု၊ ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများနှင့် ဆက်လက်ထိုးနှံရေး ဆောင်ရွက်သွားမည့် အခြေအနေ။

### ဈေးနှုန်းကြီးမြင့်လာမှုမရှိစေရေး ထိန်းချုပ်

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကာကွယ်ဆေးများ ဖြန့်ခွဲပို့ဆောင်နေမှု၊ ရောက်ရှိမှုနှင့် ဆေးထိုးနှံရေး ဆောင်ရွက်နေမှုအခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကာကွယ်ဆေးထိုးနှံရေး ဆောင်ရွက်နေမှုအခြေအနေ၊ အာဆီယံအပါအဝင် နိုင်ငံတကာမှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အောက်ဆီဂျင်လိုအပ်ချက်နှင့် ပတ်သက်၍ ပြည်ပမှ မှာယူတင်သွင်းနေမှု၊ ထပ်မံရောက်ရှိလာမည့်အခြေအနေ၊ ပြည်တွင်းထုတ်လုပ် ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ အောက်ဆီဂျင်ဝယ်ယူရောင်းချမှုများတွင် မှောင်ခိုဈေးကွက်ဖြစ်ပေါ်မှု မရှိစေရေးနှင့် ဈေးနှုန်းကြီးမြင့်လာမှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

ကုသရေး လုပ်ငန်းများတွင် ပါဝင်လျက်ရှိသူများကို လေ့ကျင့်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ကိုဗစ်ရောဂါနှင့် ဆက်စပ်ဆေးဝါးများ ဖြန့်ချိရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဆေးဝါးများတင်သွင်းနိုင်ရေးအတွက် ဖြေလျှော့ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ ဆေးပစ္စည်းများ ဖွင့်လှစ်ရောင်းချမှုနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ နေ့စဉ်ဆေးဝါးထုတ်လုပ်မှု၊ နိုင်ငံအနှံ့သို့ ဖြန့်ဝေပေးနေမှုအခြေအနေ၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် နိုင်ငံသားများအတွက် Relief Flight များ ပြေးဆွဲ၍ နိုင်ငံသားများအား ပြန်လည်ခေါ်ယူခဲ့မှု၊ ဆေးပစ္စည်းများ သယ်ဆောင်ခဲ့မှုအခြေအနေ၊ ပြည်တွင်းရေကြောင်း၊ လေကြောင်းနှင့် ရထားပို့ဆောင်ရေးခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့် အခြေအနေ။

တိုင်းရင်းဆေးမှတစ်ဆင့် ကာကွယ်ဆေးနှင့် ကုသဆေးများထုတ်လုပ်နိုင်ရေး တိုင်းရင်းဆေးသမားတော်များအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ကျန်းမာရေး ဝန်ထမ်းလိုအပ်လျက်ရှိသည့် ဒေသများတွင် ဝန်ထမ်းများခန့်အပ်ထားရှိမှု အခြေအနေ၊ ပြည်သူလူထုအား ရုပ်သံလိုင်းများ၊ သတင်းစာများ၊ မီဒီယာများမှတစ်ဆင့် ကျန်းမာရေးအသိပညာပေး အစီအစဉ်များကို ထုတ်လွှင့်နေမှု၊ တိုင်းရင်းသားဘာသာများဖြင့် ထုတ်လွှင့်ပေးနေမှုအခြေအနေ၊ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားဆောင်ရွက်နေမှု အခြေအနေ၊ တပ်မတော်ဆေးရုံများတွင် ကုသရေး ဆောင်ရွက်ပေးနေသည့် အခြေအနေနှင့် အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲ ဖြန့်ဝေပေးနေမှု အခြေအနေ၊ ကုသရေးစင်တာများတွင် တပ်မတော်သား ဆေးတပ်ဖွဲ့ဝင်များဖြင့် တာဝန်ပေးအပ်ထားမှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ရောက်ရှိလာသည့် ဆေးဝါးများကို စဉ်ဆက်မပြတ်ဖြန့်ဝေ၍ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ထိုးနှံပေးသွားရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

# ပရဟိတစိတ်ဓာတ်ဖြင့် ပါဝင်ကူညီ

ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများသည် လူထုနှင့် ထိတွေ့သည့်အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးရည်မှန်းချက်မပါဘဲ ပရဟိတစိတ်ဓာတ်ဖြင့် ပါဝင်ကူညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး အခြားလူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာများ၊ အသိပညာပေးမှုဆိုင်ရာများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

စာမျက်နှာ ၄ မှ

တိုင်းရင်းဆေးမှ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆေးတပ်ဖွဲ့တို့မှ စနစ်တကျ သုတေသနပြု၍ ခိုင်မာတိကျစွာဖြင့် ထိထိရောက်ရောက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် မိမိတို့နိုင်ငံသားများအား ရောဂါကူးစက်မှု ရှိ၊ မရှိ စနစ်တကျ စိစစ်၍ ရောဂါကူးစက်ခံရသူများအား ဆေးဝါးကုသမှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကူးစက်ခံရမှုမရှိသူများကိုလည်း လိုအပ်သည့် စောင့်ကြည့်မှုများ ပြီးစီးပါက သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစိုးရအဖွဲ့များက ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**“ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ပြတ်တောက်မှု မရရှိစေရေး အားပေးဆောင်ရွက်နေရန်လို၊ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းတွင် Supply နှင့် Demand မျှတမှုမရှိပါက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းသည် ယေဘုယျအားဖြင့် မှန်ကန်မှုရှိ၊ လက်တွေ့ဆောင်ရွက်နေရသူများမှာ ပိုအရေးကြီးကြောင်း၊ ထို့ကြောင့် Supply နှင့် Demand မျှတအောင်ဆောင်ရွက်နေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေ”**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ကာကွယ်ဆေးများထိုးနှံနိုင်ရေးနှင့်ပတ်သက်၍ “ကာကွယ်ဆေးနဲ့ ပတ်သက်လို့ရှိရင် မြန်မြန်ဖြန့်ဖို့လိုတယ်၊ ရောက်တဲ့ကာကွယ်ဆေးတွေမြန်မြန်ဖြန့်၊ ရောက်တာက ပြည်ပက လာတဲ့အခါကျ မန္တလေးနဲ့ရန်ကုန်က၊ အဓိကကတော့ ရန်ကုန်ပေါ့၊ ရန်ကုန်ကနေပြီးတော့ နောက်တစ်ခါ မန္တလေးပေါ့၊ ဒါကတော့ ရှိတာပေါ့။ သို့သော် အဲဒီကနေပြီးတော့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းတွေကို မြန်မြန်ဖြန့်ဖို့လိုတယ်။ အဲဒီတော့ တစ်ရက်စောပြီးရောက်ရင် တစ်ရက်ကြိုထိုးနိုင်လို့ရှိရင် တစ်ရက်ပိုပြီး ကာကွယ်မှုပို လုပ်နိုင်တာပေါ့။ စောစော ပိုလုပ်နိုင်တယ်။ ဒါကာကွယ်ဆေးနဲ့ ပတ်သက်တာပေါ့။ ဒီလိုပဲ ထုတ်ကုန်ပစ္စည်းတွေ၊ ကျွန်တော်အဖွင့်မှာ ပြောလိုက်တဲ့ ဒေသမှာရှိတဲ့ ကုန်ထုတ်လုပ်မှုက ထွက်နေတဲ့ စားကုန်၊ သောက်ကုန် ပစ္စည်းတွေရှိတယ်၊ ဒါတွေကိုလည်း မြန်မြန်ဖြန့်နိုင်ဖို့လိုတယ်၊ ထိထိရောက် ဖြန့်နိုင်ဖို့လိုတယ်။ ဥပမာအားဖြင့်–ရှမ်းပြည်နယ်မှာ မနှစ်ကဖြစ်ခဲ့ဖူးတယ်၊ ကျွန်တော်တို့ ခရမ်းချဉ်သီးတွေ၊ ကြက်သွန်ဖြူတွေ၊ နောက်တစ်ခါ ဂေါ်ဖီတွေ၊ ဟင်းသီးဟင်းရွက်တွေ အဲဒီလိုပဲဖြစ်လို့ ဆိုပြီးတော့ ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ စစ်တိုင်းစစ်ဌာနချုပ်နဲ့ပေါင်းပြီးတော့မှ သမဝါယမ ဒီလိုနဲ့ လုပ်ကြတာရှိတယ်၊ အမြန်ဆုံးဖြန့်ကြပြုကြပေ့ါ၊ ပုဂ္ဂလိကတွေကလည်း ဒီလိုပဲ ဝိုင်းကူကြနဲ့ ဒီလိုဖြစ်ကြတာရှိတယ်၊ ဆိုလိုတာကတော့ လက်ဝယ်ပုံမနေဖို့လိုတယ်။ ငွေမြန်မြန် ပြန်ပေါ်လာဖို့လိုတယ်၊ အလုပ်ဖြစ်ဖို့ လိုတယ်၊ အဲဒါနံပါတ်တစ်အချက်ပေ့ါ၊ နံပါတ်နှစ် မြန်မြန်သုံးဖို့ပေ့ါ၊ ဆေးတွေရောက်လာတယ်၊ ကာကွယ်ဆေးတွေ ခင်ဗျားတို့လက်ထဲ ရောက်လာတယ်၊ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းတွေ ရောက်ကြမယ်၊ ရောက်မယ်ဆိုရင် ဒီဆေးတွေ မြန်မြန်ထိုးနိုင်ဖို့လိုတယ်၊ စောစောက ကျွန်တော်ပြောသလို တစ်ရက်စောရောက်ပြီးတော့ တစ်ရက်စောပြီးတော့ မြန်မြန်ထိုးနိုင်လေ တစ်ရက်ကြိုပြီး ကာကွယ်မှုပေးနိုင်တာ။ ရာနှုန်းပြည့် မဟုတ်တောင်မှ ဘာပဲပြောပြော အထိုက်အလျောက်တော့ အကာအကွယ်ဖြစ်မယ်။ ကာကွယ်ဆေးထိုးထားလို့ရှိရင်။ ဒါကတော့ မြန်မြန်ဖြန့်ဖို့ရယ်၊ မြန်မြန်သုံးဖို့ရယ်။ ဒီနှစ်ခုကတော့ ဒီကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီးတော့ ထိထိရောက်ရောက်လိုမယ်လို့ပြောလိုပါတယ်” ဟု ပြောကြားသည်။

ထို့နောက် မိမိတို့အဖွဲ့သည် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး လုပ်ငန်းများအား ချက်ချင်းဆောင်ရွက်နိုင်ရန်အတွက် အဆုံးအဖြတ်ပေးသည့် အဖွဲ့ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရန် ရာခိုင်နှုန်းအများဆုံးကျန်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကာကွယ်ဆေးများ အမြန်ဆုံးထိုးနှံနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လက်ဝယ် ကျန်ရှိနေသည့် ကာကွယ်ဆေးများအား အမြန်ဆုံးထိုးနှံနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် စီမံဆောင်ရွက်ရန်လိုပြီး လိုအပ်ချက်များအား သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက်လိုအပ်သည့် ဆေးဝါးများအား ရောင်းချကြရာတွင် အချို့ဆေးဆိုင်များမှာ အခက်အခဲအချို့ကြောင့် ဆိုင်များပိတ်ထားခြင်းဖြစ်သော်လည်း အချို့သောဆေးဆိုင်များနှင့် ဆေးဒိုင်များသည် ပြည်သူများအရေးတကြီး လိုအပ်ချိန်များတွင် မသမာသော ရည်ရွယ်ချက်များ၊ မတော်လောဘများဖြင့် ဆေးဝါးများနှင့် အောက်ဆီဂျင်များအား အဆမတန်ဈေးများတင်၍ ရောင်းချနေခြင်းများ ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်စိစစ်၍ ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်သွားရန် လိုကြောင်း။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် NUG နှင့် PDF အဖွဲ့များအနေဖြင့် ကာကွယ်ဆေးထိုးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အနှောင့်အယှက်ပေးနေသည့်ဖြစ်စဉ်များ ရှိကြောင်း၊ နိုင်ငံ၏ လုံခြုံရေးအရ စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားရေးကိုထိခိုက်စေမှုကြောင့် ဆေးဝါးများနှင့်ပတ်သက်၍ စနစ်တကျ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ကာကွယ် ကုသဆေးများအား ပြည်သူများ ဈေးနှုန်း မှန်ကန်စွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများမှ စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ပြတ်တောက်မှု မရရှိစေရေး အားပေးဆောင်ရွက်နေရန်လိုကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းတွင် Supply နှင့် Demand မျှတမှုမရှိပါက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းသည် ယေဘုယျအားဖြင့် မှန်ကန်မှုရှိကြောင်း၊ လက်တွေ့ဆောင်ရွက်နေရသူများမှာ ပိုအရေးကြီးကြောင်း၊ ထို့ကြောင့် Supply နှင့် Demand မျှတအောင် ဆောင်ရွက်နေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း၊ “အူမတောင့်မှ သီလစောင့်မည်” ဆိုသည့်အတိုင်း အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်မှုသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာများ ဖူလုံအောင်ပြုလုပ်၍ ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အခြားကဏ္ဍများကိုလည်း အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက် မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၇၅ ခုမှ DICLOMED–100 (၁၀၀၀၀)၊ Enoxaparin Sodium Injection ၈၀၀၀၊ Enoxaparin Sodium Injection IP 60 MG ၉၀၀ ၊ Flow Meter ၂၅၉၂ ခု၊ M–Noxa Exonaparin Sodium Injection ၁၁၂၅ ခု၊ Oximeter ၇၅၅၀၊ Oxygen Concentrator ၄၂၄၂ ခု၊ Oxygen Cylinder တစ်ခု၊ Oxygen Mask အခု ၁၅၀၀၀ ၊ Oxygen Regulator ၄၃၅၅ ၊ Oxygen Reservoir ၅၀၀၀ ၊ Pegking PPS 6 MG 0.6 ML Injection ၉၉၅ ခု၊ Oxygen Concentrator Spare Parts ၄၈၂ ခု၊ Sprayer ၂၀၂၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်– ၁၉ ကာကွယ် ကုသဆေး နှင့် အခြားဆေးမျိုးစုံ ၁၀၆၈၃၂ ဒသမ ၂၈၄ ကီလိုဂရမ် နယ်စပ် (ကော့သောင်း၊ လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ၄၈ ခုမှ Oxygen Cylinder ၇၀၂၄ ခု၊ Oxygen Concentrotor အခု ၈၂၀ ၊ Mask ၆၃၀၆၂ ခု၊ Liquid Oxygen (၃၀၆၉၀.၉)၊ Flow Meter ၄၅၀ ၊ PPE ၈၂၆၀ ၊ Oximeter ၁၁၀၀၊ Disposable Cap ၄၅၀၀ kg ၊ Oxygen Plant တစ်ခု၊ Sodium Chloride Injection အခု၃၃၀၀၀ ၊ Disposable Syringe ၁၀၀၀၊ Liquid Oxygen ၂၁ ဒသမ ၁၄ တန်၊ Oxygen Mask ၂၅၀၀၀ ၊ Oxygen Regulator ၄၉၅၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း ဂျာမနီနိုင်ငံ

မယ်စူး

**နိဒါန်း**

ဂျာမနီနိုင်ငံ၏ တရားဝင်အမည်မှာ ဖက်ဒရယ်သမ္မတဂျာမနီနိုင်ငံ ဖြစ်ပါသည်။ ဂျာမနီဟူသောစကားရပ်မှာ ရောမဂျာမန်တို့၏ ဂျာမေးနီးယားမှ ဆင်းသက်လာပြီး ဆဲတစ်ဘာသာစကားအခေါ်အားဖြင့် အိမ်နီးချင်းများဟု အဓိပ္ပာယ်ရပါသည်။ ဂျာမနီနိုင်ငံသည် ဩစတြီးယား၊ ဒိန်းမတ်၊ ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယမ်၊ ပိုလန်၊ ဆွစ်ဇာလန်၊ လူဇင်ဘတ်နိုင်ငံ၊ ချက်သမ္မတနိုင်ငံ အစရှိသည့် ဥရောပနိုင်ငံ ကိုးနိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိပြီး အကျယ်အဝန်းမှာ ၃၅၇၃၈၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ ပြည်နယ်ပေါင်း ၁၆ ပြည်နယ်ဖြင့် ဖွဲ့စည်းထားပြီး မြို့တော်မှာ ဘာလင်ဖြစ်သည်။ ရုံးသုံးဘာသာစကားအဖြစ် ဂျာမန်ဘာသာစကားကိုအသုံးပြုပြီး ငွေကြေးမှာ ယူရိုဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဂျာမနီနိုင်ငံ၏ လူဦးရေစာရင်းမှာ ၈၄ သန်းကျော်ရှိပြီး ဥရောပနိုင်ငံများတွင် ရုရှားနိုင်ငံပြီးလျှင် ဒုတိယလူဦးရေအများဆုံးနိုင်ငံ ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ် စစ်ပြီးခေတ်တွင် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ (အရှေ့ဂျာမနီ)နှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ (အနောက်ဂျာမနီ) ဟူ၍ ဂျာမနီနှစ်နိုင်ငံ ကွဲသွားခဲ့ပြီး နှစ်နိုင်ငံတိုက်ပွဲများကြောင့် ဂျာမနီနိုင်ငံ၏ နယ်နိမိတ်မှာလည်း အကြိမ်ကြိမ် ပြောင်းလဲခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် ၄၅ နှစ်ကြာ အငြင်းပွားမှုများ၊ အကျပ်အတည်းများကို ချုပ်ငြိမ်းပြီး ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့ပါသည်။ တရားဝင်ပြန်လည်ပေါင်းစည်းရေးစာချုပ်ကို ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၅၁ ခုနှစ် ဥရောပသမဂ္ဂ (EU)ကို စတင်တည်ထောင်ခဲ့သော ဥရောပနိုင်ငံ ခြောက်နိုင်ငံတွင် ဂျာမနီနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။




ပုံ - (၁) ဂျာမနီနိုင်ငံ၏ လွှတ်တော်နှင့်အစိုးရ ဖွဲ့စည်းပုံ

> **“၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် ၄၅ နှစ်ကြာ အငြင်းပွားမှုများ၊ အကျပ်အတည်းများကို ချုပ်ငြိမ်းပြီး ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့ပါသည်။ တရားဝင်ပြန်လည် ပေါင်းစည်းရေးစာချုပ်ကို ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၅၁ ခုနှစ် ဥရောပသမဂ္ဂ(EU)ကို စတင်တည်ထောင်ခဲ့သော ဥရောပနိုင်ငံခြောက်နိုင်ငံတွင် ဂျာမနီနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်”**

ဂျာမန်အင်ပါယာလက်ထက်တွင် နှစ်ကျော့ပြန်ရွေးကောက်ခံသောစနစ် (Two Round System) ကိုလည်းကောင်း၊ ဝေမာသမ္မတနိုင်ငံ (ပထမကမ္ဘာစစ်ပြီး ဂျာမနီနိုင်ငံ၏ ၁၉၁၈ မှ ၁၉၃၃) ကာလတွင် အချိုးကျကိုယ်စားပြုစနစ်(Pure Proportional Representation System)ကို လည်းကောင်း ကျင့်သုံးခဲ့ရာမှ ၁၉၄၉ ခုနှစ်တွင် ပါလီမန်ကောင်စီမှ တည်ထောင်ခဲ့သော ရောစပ်အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation System) ကို လက်ရှိကျင့်သုံးလျက်ရှိပါသည်။ ရောစပ်အချိုးကျကိုယ်စားပြုစနစ် (MMP) စနစ်ကို စတင်ကျင့်သုံးခဲ့သည့်နှစ်မှာပင် ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဂျာမန်ဘာသာစကားဖြင့် Grundgesetz ဖြစ်ပြီး အတိုကောက် GG ဟု ခေါ်ဆိုကြကာ ၁၉၄၉ ခုနှစ် မေလ ၂၃ ရက်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေကို အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတို့ ပြန်လည်ပေါင်းစည်းပြီးနောက် ပြင်ဆင်မှုအကြိမ် ၆၀ ပြုလုပ်ခဲ့ပါသည်။ အကြိမ် ၆၀ မြောက် ပြင်ဆင်မှုကို ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။

ဂျာမနီနိုင်ငံသည် မတူညီသောပုံစံများဖြင့် အင်ပါယာလက်ထက်မှသည် ယနေ့ထိတိုင် ရွေးကောက်ပွဲများစွာကို ကျင်းပခဲ့သော နိုင်ငံတစ်ခုဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | ရွေးကောက်ပွဲအမည် | အကြိမ်ရေ | ခုနှစ် |
|---|---|---|---|
| (၁) | အင်ပါယာ ရွေးကောက်ပွဲများ | (၁၃ကြိမ်) | (၁၈၇၁–၁၉၁၂) |
| (၂) | ဝေမာသမ္မတနိုင်ငံ ရွေးကောက်ပွဲများ | (၈ ကြိမ်) | (၁၉၁၉–၁၉၃၂) |
| (၃) | နာဇီ–ဂျာမနီ ရွေးကောက်ပွဲများ | (၄ ကြိမ်) | (၁၉၃၃–၁၉၃၈) |

ဖော်ပြပါ ရွေးကောက်ပွဲများအပြင် ၁၉၄၉ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံသည် ဖက်ဒရယ်ရွေးကောက်ပွဲ (၁၉၄၉ – ၁၉၈၇)တွင် ၁၁ ကြိမ်ကိုလည်းကောင်း၊ အရှေ့ဂျာမနီနိုင်ငံသည် အထွေထွေရွေးကောက်ပွဲ (၁၉၄၉ – ၁၉၉၀)တွင် ၁၁ ကြိမ်ကိုလည်းကောင်း အသီးသီးကျင်းပခဲ့ကြပြီး ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းပြီးနောက် (၁၉၉၀ – ၂၀၁၇)တွင် ၈ ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

**ရွေးကောက်ပွဲစနစ်**

ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်အစိုးရတစ်ရပ်အတွက် အထွေထွေရွေးကောက်ပွဲကိုလေးနှစ်တစ်ကြိမ် ကျင်းပပါသည်။ ရွေးကောက်ပွဲစနစ်မှာ ကိုယ်စားလှယ်လောင်းကို တိုက်ရိုက်ရွေးချယ်သည့် နိုင်သူအကုန်ယူစနစ် (First-Past-The-Post)နှင့် ပါတီကို ရွေးချယ်သည့် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation PR)ကို ရောစပ်ကျင့်သုံးသည့် ရောစပ်အချိုးကျကိုယ်စားပြုစနစ် Mixed Member Proportional Representative System (MMP) ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ကျင်းပသော ရွေးကောက်ပွဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) သမ္မတရွေးကောက်ပွဲ၊
(ခ) အထွေထွေရွေးကောက်ပွဲ၊
(ဂ) ဥရောပရွေးကောက်ပွဲများ၊
(ဃ) ပါလီမန်ရွေးကောက်ပွဲများ၊
(င) ပြည်နယ်ရွေးကောက်ပွဲများ၊
(စ) ဒေသတွင်းရွေးကောက်ပွဲများ။

**သမ္မတရွေးကောက်ခြင်းနှင့် ဝန်ကြီးချုပ်(အဓိပတိ) ရွေးချယ်ခြင်း**

ဂျာမနီနိုင်ငံတွင် သမ္မတသည် နိုင်ငံ၏ အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ် (အဓိပတိ)သည် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ် ကျင်းပပါသည်။

သမ္မတရွေးကောက်တင်မြှောက်သည့် ဖက်ဒရယ်ညီလာခံကို တည်ဆဲသမ္မတသက်တမ်းမကုန်မီ ၃၀ ရက်ထက် နောက်မကျစေဘဲ ခေါ်ယူကျင်းပရပြီး အောက်လွှတ်တော်မှ ကျင်းပပေးရပါသည်။ ပြည်နယ်အစိုးရကိုယ်စားလှယ် အရေအတွက်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် အချိုးတူညီစွာဖွဲ့စည်းသည့် ဖက်ဒရယ်ညီလာခံတွင် ဆန္ဒပြုမဲခွဲခြင်းဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်တွင် အသက် ၄၀ နှစ်ပြည့်ပြီးသူ၊ အစိုးရအဖွဲ့ဝင်မဟုတ်သူ၊ ဖက်ဒရယ်နယ်မြေများ သို့မဟုတ် ဖက်ဒရယ်အဖွဲ့များ၏ ဥပဒေပြုအဖွဲ့ဝင်လည်းမဖြစ်ရန် လိုအပ်ပါသည်။ အခြားရုံးဌာနတစ်ခုခုမှ လစာ၊ စရိတ်၊ ကြေးငွေရသော စီမံခန့်ခွဲမှုဆိုင်ရာ ရာထူးနေရာတစ်ခုခုကို ရယူထားသူလည်းမဖြစ်ရန် လိုအပ်ပါသည်။ သမ္မတ၏ သက်တမ်းမှာ ငါးနှစ် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခွင့် ရှိပါသည်။

ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံတွင် ဝန်ကြီးချုပ် (အဓိပတိ)ကို လေးနှစ်တစ်ကြိမ် ရွေးချယ်မှု ပြုလုပ်ပါသည်။ ဝန်ကြီးချုပ်ကို သမ္မတ၏အဆိုပြုချက်ဖြင့်လည်း အောက်လွှတ်တော်မှ မငြင်းဆိုဘဲ ရွေးချယ်နိုင်သည့်အပြင် သမ္မတထံမှ အဆိုပြုချက်မရှိပါက ၁၄ ရက်အတွင်း အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့် မဲခွဲရွေးချယ်ရပါသည်။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရရန် ကိုယ်စားလှယ်လောင်းသည် အောက်လွှတ်တော်အဖွဲ့ဝင်များ၏ ထက်ဝက်ကျော်သောဆန္ဒမဲကို ရရှိရန် လိုအပ်ပါသည်။ ဝန်ကြီးချုပ်ဖြစ်ရန် လိုအပ်သည့် အကြွင်းမဲ့ဆန္ဒမဲရရှိခြင်းမရှိပါက ဆန္ဒပြုပွဲကို တတိယအကြိမ်အထိ ကျင်းပနိုင်ပြီး မဲအများဆုံးရရှိသူကို ရွေးချယ်၍ တင်မြှောက်ပါသည်။ သမ္မတသည် ဝန်ကြီးချုပ်အား မဲပေးရွေးချယ်ခြင်းပြီးနောက် ၇ ရက်အတွင်း ခန့်အပ်ကြောင်း ကြေညာပေးရပါသည်။

ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံရသူသည် အနည်းဆုံး အသက် ၁၈ နှစ် အထက်တွင် ရှိရမည်ဖြစ်ပြီး ဂျာမနီနိုင်ငံသား သို့မဟုတ် ဂျာမနီနိုင်ငံတွင် မွေးဖွားသူဖြစ်ရပါမည်။ ထို့အပြင် ပြစ်မှုပြစ်ဒဏ် ကင်းရှင်းသူဖြစ်ရန်၊ ဥပဒေတစ်ရပ်ရပ်အရ အုပ်ထိန်းသူတစ်ဦး၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သူမဖြစ်ရန်နှင့် တရားရုံးမှ အမိန့်တစ်ရပ်ရပ် ချမှတ်ခံရဖူးသော စိတ်ရောဂါကု ဆေးရုံ၊ ဆေးခန်း ရောက်ရှိဖူးသူ မဖြစ်ရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။


**လွှတ်တော်များဖွဲ့စည်းမှု**

ဂျာမနီနိုင်ငံတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည့်အပြင် Lander ဟုခေါ်သော ဖက်ဒရယ်ပြည်နယ်များ၏ အစိုးရများမှလည်း ပါဝင်မှုများ ရှိပါသည်။ ဂျာမနီနိုင်ငံ၏ အထက်လွှတ်တော်ကို Bundesrat (ဖက်ဒရယ်ကောင်စီ)ဟုခေါ်ပြီး အောက်လွှတ်တော်ကို Bundestag (ဖက်ဒရယ် Diet ) ဟုခေါ်ပါသည်။


**အထက်လွှတ်တော် ( Bundesrat )**

ဂျာမနီနိုင်ငံ၏ အထက်လွှတ်တော်သည် ပြည်နယ် ၁၆ ပြည်နယ်မှ ကိုယ်စားလှယ်အဖွဲ့ဝင် ၆၉ ဦး ဖြင့် ဖွဲ့စည်းထားပါသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ရွေးကောက်ခြင်းမဟုတ်ဘဲ ပြည်နယ်အစိုးရမှရွေးချယ်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ ကိုယ်စားလှယ်အများစုမှာ ပြည်နယ်အစိုးရများ၊ မြို့တော်ဝန်များ ဖြစ်ကြပါသည်။ အထက်လွှတ်တော်၏ ကိုယ်စားလှယ်အဖွဲ့ဝင်အရေအတွက်သည် ပြည်နယ်တစ်ခုစီမှ လူဦးရေပမာဏအပေါ် မူတည်ပြီး ၃ နေရာ မှ ၆ နေရာအထိရှိပါသည်။ အထက်လွှတ်တော်ဥက္ကဋ္ဌနေရာကို လူဦးရေများပြားသော ပြည်နယ်အစိုးရအဖွဲ့ဝင်မှ စတင်၍ ထမ်းဆောင်ရပြီး နှစ်စဉ်အလှည့်ကျတာဝန်ယူရပါသည်။ အဖွဲ့ဝင်များအတွက် သက်တမ်းအတိအကျမရှိပါ။ ပြည်နယ်အစိုးရများသည် ၎င်းတို့၏ ကိုယ်စားလှယ်များကို အချိန်မရွေး ပြန်လည်အစားထိုးပြင်ဆင်မှုများ ပြုလုပ်နိုင်ပါသည်။ အထက်လွှတ်တော်သည် ပြည်နယ်များ၏ ဥရောပသမဂ္ဂဆိုင်ရာကိစ္စရပ်များနှင့် ဖက်ဒရယ်ဆိုင်ရာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။

*စာမျက်နှာ ၇ သို့*




ပုံ (၂) - ၂၀၁၃ ခုနှစ် ဂျာမနီအောက်လွှတ်တော်၌ ကိုယ်စားလှယ်နေရာခွဲဝေမှု




ပုံ (၃) - ၂၀၁၇ ခုနှစ် ဂျာမနီအောက်လွှတ်တော်၌ ကိုယ်စားလှယ်နေရာခွဲဝေမှု

*စာမျက်နှာ ၆ မှ*

**“ဂျာမနီနိုင်ငံတွင် အသက် ၁၈ နှစ်နှင့် အထက်ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။ အချို့သော ပြည်နယ်များတွင် အသက် ၁၆ နှစ်ပြည့်ပြီးလျှင် ဒေသတွင်းရွေးကောက်ပွဲများ၌ မဲပေးနိုင်ပါသည်။ ပြည်နယ်ရွေးကောက်ပွဲများနှင့် ပါလီမန်ရွေးကောက်ပွဲများ၌ မဲပေးမည့်သူများသည် အသက် ၁၈ နှစ် ပြည့်ပြီးသည့် ဂျာမနီနိုင်ငံသား ဖြစ်ရပါမည်။ ဥရောပသမဂ္ဂရွေးကောက်ပွဲများနှင့် ပြည်တွင်းရွေးကောက်ပွဲများတွင် ဂျာမနီနိုင်ငံသားများနှင့် ဂျာမနီတွင် နေထိုင်လျက်ရှိသော ဥရောပနိုင်ငံသားများ အားလုံးမဲပေးခွင့်ရှိ”**

### အောက်လွှတ်တော် (Bundestag)

အောက်လွှတ်တော် ကိုယ်စားလှယ်များကို ဂျာမနီနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများမှ လွတ်လပ်မျှတစွာ ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ပါသည်။ ဂျာမနီနိုင်ငံ၏ လေးနှစ် တစ်ကြိမ်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲသည် ဖက်ဒရယ်အစိုးရသစ်တစ်ရပ်နှင့် အောက်လွှတ်တော်အား ပြင်ဆင်ဖွဲ့စည်းရေးအတွက် ကျင်းပခြင်း ဖြစ်ပါသည်။ အောက်လွှတ်တော်ကို ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဖွဲ့စည်းရပါသည်။ အောက်လွှတ်တော်၏ အစည်းအဝေးများသည် ပွင့်လင်းမြင်သာမှုရှိပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ ဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် အတည်ပြုဆုံးဖြတ်ပေးပါသည်။ ဂျာမန်အောက်လွှတ်တော်သည် ဥပဒေပြုအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဖက်ဒရယ်ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် စစ်ဘက်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ အောက်လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ်နေရာကို ပုံမှန်အားဖြင့် ၅၉၈ နေရာသတ်မှတ်ထားသော်လည်း ပြည်နယ်များမှ မဲဆန္ဒရှင် အရေအတွက်အပေါ်မူတည်ပြီး ၁၆ ပြည်နယ်ခွဲဝေသတ်မှတ်ချက် အပြောင်းအလဲအရ အပိုဆောင်း ကိုယ်စားလှယ်နေရာကို ထည့်သွင်းရခြင်းများရှိခဲ့ပါသည်။ ထို့ကြောင့် အောက်လွှတ်တော်၏ ကိုယ်စားလှယ် နေရာအရေအတွက်မှာ လေးနှစ်တစ်ကြိမ် အပြောင်းအလဲဖြစ်နေမည် ဖြစ်ပါသည်။

### ၅ ရာခိုင်နှုန်း ကန့်သတ်ချက်

ဂျာမနီနိုင်ငံ၌ ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်တွင် ဂျာမန်အစွန်းရောက်အုပ်စုများနှင့် ပါတီငယ်များကို ကန့်သတ်သည့် ၅ ရာခိုင်နှုန်း ကန့်သတ်ချက်တစ်ခုကို ထည့်သွင်းသတ်မှတ်ထားပါသည်။ ပါတီတစ်ခုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒုတိယဆန္ဒမဲဖြစ်သည့် ပါတီဆန္ဒပြုမှုဆန္ဒမဲ (threshold ) ၅ ရာခိုင်နှုန်း ရရှိရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက မဲဆန္ဒနယ်ကိုယ်စားလှယ်အဖြစ် အနည်းဆုံး မဲဆန္ဒနယ် ၃ နယ်တွင် အနိုင်ရရှိရန် လိုအပ်ပါသည်။


### အပိုဆောင်းကိုယ်စားလှယ်နေရာ

ရောစပ်အချိုးကျကိုယ်စားပြုစနစ် (MMP System) ကို ကျင့်သုံး၍ ရွေးကောက်တင်မြှောက်မှုပြုသည့် နိုင်ငံများအနေဖြင့် မဲဆန္ဒနယ်၏ လူဦးရေအချိုးအဆနှင့် လွှတ်တော်အတွင်း ဝင်ရောက်မည့် ကိုယ်စားလှယ်အရေအတွက်တို့ကို ချိန်ညှိနိုင်ရေးအား ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ကိုယ်စားလှယ်တစ်ဦးတည်းကို ရွေးချယ်မည့် မဲဆန္ဒနယ်၌ ဖြစ်ပေါ်လာနိုင်သည့် အချိုးမညီမှုသည် ကြီးမားလာပါက စာရင်းပြုစု လျာထားသည့် ကိုယ်စားလှယ်နေရာများဖြင့် အပြည့်အဝအစားထိုးဖြည့်စွက်ရန် မလုံလောက်ခြင်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် PR စနစ်သုံး မဲဆန္ဒနယ်များကို တစ်နိုင်ငံလုံး အတိုင်းအတာအဆင့်ဖြင့် မသတ်မှတ်ဘဲ ဒေသအဆင့် သို့မဟုတ် စီရင်စုအဆင့်များဖြင့် သတ်မှတ်သည့်အခါ ယင်းသို့ ဖြစ်နိုင်ခြေ အလားအလာ ရှိလာပါသည်။ တစ်နည်းအားဖြင့် လွှတ်တော်အတွင်း၌ ကိုယ်စားလှယ်နေရာ အတိအကျသတ်မှတ်ထား၍မရသော ပြဿနာတစ်ရပ်ဖြစ်လာပါသည်။ ၎င်းအခြေအနေတွင် ပါတီတစ်ခုအနေဖြင့် ဒေသတွင်း သို့မဟုတ် စီရင်စု၌ ရသင့်ရထိုက်သော ဆန္ဒမဲအရေအတွက်ထက်ပို၍ ရရှိနိုင်ပါသည်။ ဤအချက်ကို ကိုင်တွယ်ဖြေရှင်းရန် အချိုးညီမျှမှုကို အနီးစပ်ဆုံးရရှိရန် အပိုဆောင်းကိုယ်စားလှယ်နေရာ (Overhang Mandate သို့မဟုတ် Uberhangs Mandate) များနှင့် အချိုးကျကိုယ်စားလှယ်နေရာ (Levelling Mandate သို့မဟုတ် Balance Seat) များကို အသုံးပြုရပါသည်။ ဂျာမနီနိုင်ငံ၌လည်း အပိုဆောင်း ကိုယ်စားလှယ်နေရာများနှင့် အချိုးကျကိုယ်စားလှယ်နေရာများကို ထည့်သွင်းထားပါသည်။

ပါတီတစ်ခုမှ မဲဆန္ဒနယ်ကိုယ်စားလှယ်အနေဖြင့် ဆန္ဒမဲရလဒ် (First Vote Result)သည် ပါတီကိုယ်စားပြုကိုယ်စားလှယ်အနေဖြင့် ဆန္ဒမဲရလဒ် (Second Vote Result) ထက် ပိုမိုနေပါက အဆိုပါရလဒ်တွင် အပိုဆောင်း ကိုယ်စားလှယ်နေရာ ထွက်ပေါ်လာပါသည်။ သို့ရာတွင် ပါတီ၏ဆန္ဒမဲရလဒ်များ ပျက်ပြယ်ခြင်းကို ရှောင်ရှားနိုင်စေရန် အခြားပါတီများကိုလည်း ညီမျှသောအချိုးဖြင့် နေရာခွဲဝေပေးရသဖြင့် အချိုးကျကိုယ်စားလှယ်နေရာများကို ထည့်သွင်းလာရပါသည်။ ထို့ကြောင့် လွှတ်တော်တွင်းရှိ ကိုယ်စားလှယ်နေရာ အရေအတွက်ကို ပုံသေသတ်မှတ်ထားသည့် အရေအတွက်ထက်ပိုများသော အရေအတွက်ဖြင့် ဖွဲ့စည်းရပါသည်။

ဂျာမနီနိုင်ငံ၏ ၁၉၄၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် အပိုဆောင်းကိုယ်စားလှယ်နေရာ စုစုပေါင်း ၉၇ နေရာအထိ နှစ်အလိုက် တိုးမြှင့်သတ်မှတ်ခဲ့ရပါသည်။ ၂၀၁၃ ခုနှစ် မေလတွင် ဖက်ဒရယ်ရွေးကောက်ပွဲဥပဒေကို ၂၂ ကြိမ်မြောက် ပြင်ဆင်ခဲ့ပြီး အဆိုပါပြင်ဆင်သည့်ဥပဒေတွင် အပိုဆောင်းကိုယ်စားလှယ်(Overhang) နေရာများနှင့် အချိုးညီစေရန် ပြန်လည်ခွဲဝေသည့် အချိုးကျကိုယ်စားလှယ် (Balance) နေရာများအတွက် ပြဋ္ဌာန်းချက်ရှိလာပါသည်။ ၎င်းပြဋ္ဌာန်းချက်အရ ၂၀၁၃ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အပိုဆောင်းကိုယ်စားလှယ် ၄ နေရာနှင့် အချိုးညီစေရန် ခွဲဝေသည့် အချိုးကျကိုယ်စားလှယ် ၂၉ နေရာ စုစုပေါင်း ၃၃ နေရာကို လွှတ်တော်အတွင်း တိုးမြှင့်ထည့်သွင်းခဲ့ပါသည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲတွင် လွှတ်တော်တွင်းရှိ ကိုယ်စားလှယ်နေရာကို ၆၃၁ နေရာအထိ တိုးမြှင့်သတ်မှတ်ခဲ့ရပါသည်။ သို့ရာတွင် ဖောင်းပွမှုနည်းစေရန် ၅ ရာခိုင်နှုန်း ကန့်သတ်ချက် ပြည့်မီသည့် ပါတီတစ်ခုအနေဖြင့် အပိုဆောင်း ကိုယ်စားလှယ်နေရာကို အများဆုံး ၁၅ နေရာ အထိသာ ရရှိနိုင်ပါသည်။




ပုံ - (၄) ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲစနစ်

၂၀၁၇ ခုနှစ် ရွေးကောက်ပွဲရလဒ်အနေဖြင့် လက်ရှိဂျာမနီနိုင်ငံတွင် ခရစ်ယာန်ဒီမိုကရက်တစ်သမဂ္ဂနှင့် ခရစ်ယာန်လူမှုအဖွဲ့အစည်း (CDU / CSU) ပါတီသည် စုစုပေါင်း ၂၄၆ နေရာဖြင့် လွှတ်တော်တွင် နေရာအများဆုံး ရရှိထားသောအဖွဲ့ဖြစ်ပြီး ဆိုရှယ်ဒီမိုကရက်တစ် (SPD) ပါတီမှ ၁၅၂ နေရာ ရှိပါသည်။ လက်ယာစွန်းပါတီ (AfD)သည် ၈၈ နေရာ၊ လွတ်လပ်သောဒီမိုကရက်တစ်ပါတီ (FDP) သည် ၈၀ နေရာ၊ လက်ဝဲပါတီ (The Left) မှ ၆၉ နေရာနှင့် မဟာမိတ် ၉၀ / အစိမ်းရောင်ပါတီ (Alliance 90 / Greens) ပါတီမှ ၆၇ နေရာဖြင့် အသီးသီးနေရာရရှိထားသည်။ ထို့ကြောင့် အောက်လွှတ်တော်၌ ပုံမှန် ၅၉၈ နေရာအပြင် စုစုပေါင်းအဖွဲ့ဝင် ၇၀၉ နေရာရှိပြီး ၇ နေရာမှာ မည်သည့်ပါတီမှ ပါဝင်ခြင်းမရှိသော **“တစ်သီးပုဂ္ဂလ”**များ ဖြစ်ပါသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များသည် ပါတီကိုယ်စားလှယ်အချိုးဖြင့် နေရာခွဲဝေမှုတွင် ထည့်သွင်းတွက်ချက်ရန်မလိုသည့် ပထမဆန္ဒမဲ (FPTP) စနစ်ဖြင့် ဆန္ဒပြုသည့် မဲဆန္ဒနယ်ကိုယ်စားလှယ်အဖြစ် အနိုင်ရသူများ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် အပိုဆောင်း ကိုယ်စားလှယ် ၄၆ နေရာရှိပြီး အချိုးကျ ကိုယ်စားလှယ် ၆၅ နေရာ စုစုပေါင်း ၁၁၁ နေရာ အောက်လွှတ်တော်အတွင်း ဝင်ရောက်နေရာယူခဲ့ပါသည်။

လက်ရှိအောက်လွှတ်တော်တွင် အောက်ဖော်ပြပါအတိုင်း ပါတီ ၆ ခုရှိပါသည် –

(က) ခရစ်ယာန် ဒီမိုကရက်တစ်သမဂ္ဂနှင့် ခရစ်ယာန် လူမှုအဖွဲ့အစည်းပါတီ (CDU/ CSU)
(ခ) ဆိုရှယ်ဒီမိုကရက်တစ်ပါတီ(SPD)
(ဂ) ဂျာမန်များအတွက် အခြားရွေးချယ်စရာ–လက်ယာစွန်းပါတီ(AfD)
(ဃ) လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (FDP)
(င) လက်ဝဲပါတီ(The Left Party)
(စ) မဟာမိတ် ၉၀/ အစိမ်းရောင်ပါတီ (Alliance 90/ Greens)

### ရွေးကောက်ပွဲကော်မတီ

ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲကော်မတီကို ဖက်ဒရယ်ရွေးကောက်ပွဲအရာရှိက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကော်မတီအဖွဲ့ဝင်ရှစ်ဦး၊ ဖက်ဒရယ်အုပ်ချုပ်ရေးတရားရုံး၏ တရားသူကြီးနှစ်ဦး၊ စုစုပေါင်း ၁၁ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ကော်မတီအဖွဲ့ဝင်ရှစ်ဦးကို ပါတီများမှ အဆိုပြုချက်အပေါ် ဖက်ဒရယ်ရွေးကောက်ပွဲအရာရှိ၏ အတည်ပြုချက်ဖြင့် ခန့်အပ်ခြင်းဖြစ်ကာ ဖက်ဒရယ်ရွေးကောက်ပွဲအရာရှိနှင့် ယင်း၏လက်ထောက်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးပါသည်။ အစဉ်အလာအားဖြင့် ရွေးကောက်ပွဲအရာရှိနေရာကို ဖက်ဒရယ်ငွေစာရင်းရုံးဥက္ကဋ္ဌမှ တာဝန်ယူလေ့ရှိပါသည်။ နယ်မြေ ရွေးကောက်ပွဲအရာရှိများနှင့်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*


ယင်း၏ လက်ထောက်များကိုလည်းကောင်း၊ မဲဆန္ဒ နယ် ရွေးကောက်ပွဲအရာရှိများနှင့် ယင်း၏ လက်ထောက်များကိုလည်းကောင်း ရွေးကောက်ပွဲရက် သတ်မှတ်ကြေညာပြီးနောက် အမြန်ဆုံး ခန့်အပ်ရပါသည်။ ရွေးကောက်ပွဲကော်မတီ၏ သက်တမ်းသည် အောက်လွှတ်တော် သက်တမ်းကာလနှင့်အညီ လေးနှစ် ဖြစ်ပါသည်။

**ဆန္ဒမဲပေးခြင်း**

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များသည် ဆန္ဒမဲနှစ်မဲပေးရပါသည်။ ပထမမဲသည် မဲဆန္ဒနယ်တစ်ခုမှ ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် တိုက်ရိုက်မဲဖြစ်ပြီး ဒုတိယမဲသည် ပြည်နယ်တစ်ခုစီရှိ ပါတီစာရင်းတစ်ခုကို ၎င်း၏ သက်ဆိုင်ရာပါတီအဖွဲ့မှ အဆိုပြုတင်သွင်းထားသည့်အတိုင်း ဆန္ဒပြုရပါသည်။ တစ်နည်းအားဖြင့် မဲလက်မှတ်၏ ဘယ်ဘက်ခြမ်းရှိ ပထမဆုံးမဲသည် မဲဆန္ဒနယ်မှ ကိုယ်စားလှယ်လောင်းတစ်ဦးကို တိုက်ရိုက်မဲပေးခြင်းဖြစ်ပြီး မဲလက်မှတ်၏ ညာဘက်ခြမ်းရှိ ဒုတိယမဲသည် နိုင်ငံရေးပါတီတစ်ခုအတွက် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ် ၅၉၈ ဦးအနက် ကိုယ်စားလှယ်ကို တိုက်ရိုက်ရွေးချယ်သည့် နိုင်သူအကုန်ယူစနစ် (First-Past-The-Post) ဖြင့် ၂၉၉ နေရာ၊ ပါတီကိုရွေးချယ်သည့် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation PR) ဖြင့် ပါတီကိုယ်စားလှယ် ၂၉၉ နေရာ ရွေးချယ်ပါသည်။ FPTP နှင့် PR စနစ် နှစ်မျိုးလုံးကို အသုံးပြုရွေးချယ်ပါသည်။

ဂျာမနီနိုင်ငံတွင် အသက် ၁၈ နှစ်နှင့် အထက်ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။ အချို့သော ပြည်နယ်များတွင် အသက် ၁၆ နှစ်ပြည့်ပြီးလျှင် ဒေသတွင်းရွေးကောက်ပွဲများ၌ မဲပေးနိုင်ပါသည်။ ပြည်နယ်ရွေးကောက်ပွဲများနှင့် ပါလီမန်ရွေးကောက်ပွဲများ၌ မဲပေးမည့်သူများသည် အသက် ၁၈ နှစ်ပြည့်ပြီးသည့် ဂျာမနီနိုင်ငံသား ဖြစ်ရပါမည်။ ဥရောပသမဂ္ဂရွေးကောက်ပွဲများနှင့် ပြည်တွင်းရွေးကောက်ပွဲများတွင် ဂျာမနီနိုင်ငံသားများနှင့် ဂျာမနီတွင် နေထိုင်လျက်ရှိသော ဥရောပနိုင်ငံသားများအားလုံး မဲပေးခွင့် ရှိပါသည်။

မဲဆန္ဒနယ်တစ်နယ်စီအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းသည် သက်ဆိုင်ရာဒေသအာဏာပိုင်အစိုးရထံတွင် စာရင်းထိန်းသိမ်းထားရှိပြီး မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ခွင့်ရှိသူ သို့မဟုတ် မဲပေးခွင့်ကတ် ရှိသူများသာ မဲပေးနိုင်ပါသည်။ မဲပေးခွင့်ရှိသူတစ်ဦးသည် တစ်ကြိမ်သာ ဆန္ဒမဲပေးနိုင်ပြီး ကိုယ်တိုင်မဲပေးရမည်ဖြစ်ပါသည်။




ပုံ - (၅)
၂၀၀၅ ခုနှစ်တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သော ဂျာမနီနိုင်ငံ၏ မဲလက်မှတ် နမူနာ

မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ ၁၆ ရက် သို့မဟုတ် ၂၀ ရက် ကြိုတင်၍ မဲစာရင်းအချက်အလက်များ မှန်ကန်မှု ရှိမရှိကို စစ်ဆေးနိုင်ပါသည်။ နိုင်ငံပြင်ပ ရောက်ရှိနေသည့် ဂျာမနီနိုင်ငံသားများသည် စာတိုက်မှတစ်ဆင့် ဆန္ဒမဲပေးနိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ရက် ညနေ ၆ နာရီအရောက် ရွေးကောက်ပွဲဘုတ်အဖွဲ့သို့ ပေးပို့ရမည်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို တနင်္ဂနွေနေ့ သို့မဟုတ် သတ်မှတ်ထားသော အားလပ်ရက်တွင် ကျင်းပပါသည်။

**အမည်စာရင်းတင်သွင်းခြင်း**

ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ပါတီမှဖြစ်စေ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကိုယ်စားလှယ်လောင်းများမှဖြစ်စေ တင်သွင်းနိုင်ပါသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ခုအတွက်သာ အမည်စာရင်း တင်သွင်းရမည် ဖြစ်ပါသည်။ ပါတီတစ်ခုသည် ရွေးကောက်ပွဲကာလ သက်တမ်းတစ်ခုစီအတွက် တစ်ကြိမ်သာ အမည်စာရင်း တင်သွင်းနိုင်ပြီး နယ်မြေတစ်ခုစီအတွက်လည်း တစ်ကြိမ်သာ တင်သွင်းခွင့်ရှိပါသည်။

အောက်လွှတ်တော် သို့မဟုတ် ပြည်နယ်ပါလီမန်တွင် နောက်ဆုံးအကြိမ် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ၌ ကိုယ်စားလှယ်နေရာအနည်းဆုံး ငါးဦး တစ်ဆက်တည်း ရွေးကောက်တင်မြှောက်ခြင်း မခံရသောပါတီသည် ပါတီအဖြစ် ဝင်ရောက်အရွေးခံလိုလျှင် ဖက်ဒရယ်ရွေးကောက်ပွဲ အရာရှိထံ ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ ၉၇ ရက် ကြိုတင်၍ တင်သွင်းနိုင်ပါသည်။

မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းလွှာအား ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ ၅၈ ရက်အတွင်း မဲဆန္ဒနယ်မြေ ရွေးကောက်ပွဲကော်မတီမှ ဆုံးဖြတ်နိုင်ပြီး အောက်ဖော်ပြပါ အချက်များအရလည်း ငြင်းပယ်နိုင်ပါသည် -

(က) နောက်ကျ၍ တင်သွင်းခြင်း၊
(ခ) ဖက်ဒရယ်ရွေးကောက်ပွဲစည်းမျဉ်းနှင့် ဥပဒေအရပြဋ္ဌာန်းထားသည့် လိုအပ်ချက်များ မပါရှိခြင်း။

အမည်စာရင်းတင်သွင်းလွှာကို မဲဆန္ဒနယ်မြေ ရွေးကောက်ပွဲကော်မတီမှ ငြင်းပယ်လျှင် ဆုံးဖြတ်ချက်ချပြီး ၃ ရက်အတွင်း ပြည်နယ်ရွေးကောက်ပွဲကော်မတီထံ အယူခံဝင်နိုင်ပါသည်။ အယူခံမှုကို ရွေးကောက်ပွဲမတိုင်မီ ၅၂ ရက်ထက် နောက်မကျစေဘဲ ဆုံးဖြတ်ပေးရပါသည်။ အတည်ပြုပြီးသော အမည်စာရင်းကို ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် မတိုင်မီ ၄၈ ရက်အတွင်း ကြေညာပေးရပါသည်။

**မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း**

မဲဆန္ဒနယ်မြေစာရင်းများကို ပါတီမှ တင်သွင်းရပြီး နယ်မြေအဖွဲ့ခွဲ အုပ်ချုပ်မှုကော်မတီ၏ လက်မှတ် ပါဝင်ရမည်ဖြစ်သည်။ ပြည်နယ်ရွေးကောက်ပွဲကော်မတီသည် နယ်မြေစာရင်းတင်သွင်းမှုအား ရွေးကောက်ပွဲမကျင်းပမီ ၅၈ ရက်အတွင်း ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ နောက်ကျ၍ တင်သွင်းခြင်းနှင့် ဖက်ဒရယ် ရွေးကောက်ပွဲစည်းမျဉ်းများနှင့်အညီ ချမှတ်ထားသောအချက်များနှင့် မပြည့်စုံလျှင် နယ်မြေစာရင်းမှ ပယ်ဖျက်နိုင်ပါသည်။ ပြည်နယ်ရွေးကောက်ပွဲကော်မတီမှ ဆုံးဖြတ်ချက်ကို မဲဆန္ဒနယ်မြေ ရွေးကောက်ပွဲကော်မတီအစည်းအဝေးတွင် ကြေညာပါသည်။ ပြည်နယ်ရွေးကောက်ပွဲကော်မတီသည် နယ်မြေစာရင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပယ်ချနိုင်ပါသည်။ ထိုသို့ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ချပြီး ၃ ရက်အတွင်း ဖက်ဒရယ် ရွေးကောက်ပွဲကော်မတီထံ အယူခံဝင်နိုင်ပါသည်။ အယူခံမှုကို ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ ၅၂ ရက် ထက်နောက်မကျစေဘဲ ဆုံးဖြတ်ပေးရပါသည်။

**၂၀၂၁ ခုနှစ်အထွေထွေရွေးကောက်ပွဲ**

ဂျာမနီနိုင်ငံသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ပြီး ၎င်းရွေးကောက်ပွဲမှာ ဂျာမန်တို့၏ အကြိမ်(၂၀) မြောက် ရွေးကောက်ပွဲလည်း ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေမှာ ၆၀ ဒသမ ၄ သန်းရှိပြီး ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ် ၂၉၉ နယ် ရှိပါသည်။

ဂျာမနီနိုင်ငံ၏ ပါလီမန်စနစ်သည် ဗဟိုအစိုးရအဖွဲ့ပါလီမန်နှင့် ပြည်နယ်အစိုးရအဖွဲ့ ပါလီမန်ဟူ၍ နှစ်ပိုင်းခွဲခြားထားပါသည်။ ဂျာမနီနိုင်ငံ၏ Lander ဟုခေါ်သော ဖက်ဒရယ်ပြည်နယ်များသည် အခြေခံဥပဒေပြဋ္ဌာန်းခြင်းမှတစ်ပါး နိုင်ငံ့တာဝန်နှင့် အာဏာတို့ကို ခွဲဝေကျင့်သုံးဆောင်ရွက်ပါသည်။ ပြည်နယ်အလိုက် ဖက်ဒရယ်ဥပဒေများရှိပြီး လွတ်လပ်သော ပြည်သူ့ဆန္ဒခံယူပွဲများကို တိုက်ရိုက်ပြုနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များလည်းရှိကြပါသည်။ ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းခြင်းကြောင့် နယ်နိမိတ်ကျယ်ပြန့်ပြီး လူဦးရေများပြားသဖြင့် ပြည်နယ်ပြင်ဆင်လိုလျှင် တောင်းဆိုပိုင်ခွင့်များလည်းရှိကြပြီး ပြင်ဆင်မှုအတွက် ဥပဒေများလည်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ပြည်နယ်အစိုးရများသည် အထက်လွှတ်တော်တွင် သက်တမ်းအကန့်အသတ်မရှိ နေရာရနေနိုင်ပြီး အောက်လွှတ်တော်မှ ဗဟိုအစိုးရတစ်ရပ်ကို ဖွဲ့စည်းသည့် သဘောဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်များသည် ဗဟိုအစိုးရတစ်ရပ်ကို လေးနှစ်တစ်ကြိမ် ပြင်ဆင် ဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲကို ကျင်းပကြပါသည်။ ဗဟိုအစိုးရအဖွဲ့ အကြီးအကဲ (အဓိပတိ) သည် အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်းကို ဆောင်ရွက်ရန် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါသည်။

**နိဂုံး**

အောင်မြင်သော ဖက်ဒရယ်စနစ်တစ်ရပ် ဖြစ်ပေါ်ရန်မှာ ကောင်းစွာလုပ်ငန်း လည်ပတ်ဆောင်ရွက်နေသည့် ဒီမိုကရေစီအဖွဲ့အစည်းစနစ်များ၊ တရားစီရင်ရေးစနစ်၊ စုစည်းဖွဲ့စည်းထားသော အမျိုးသားအဆင့် နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီနည်းကျ နိုင်ငံရေးပြိုင်ဆိုင်မှုများ လိုအပ်ပြီး ကျင်းပသည့် ရွေးကောက်ပွဲများမှာလည်း လွတ်လပ်မျှတရမည် ဖြစ်ပါသည်။ ဂျာမနီနိုင်ငံသည် အဆိုပါအချက်များနှင့် ကိုက်ညီလျက်ရှိခြင်း၊ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့အကြား ဟန်ချက်ညီစွာ ကျင့်သုံးနိုင်ခြင်း၊ ဒီမိုကရေစီနည်းလမ်းကျ နိုင်ငံရေး ယှဉ်ပြိုင်မှုရှိသည့် ပါတီများ အခန်းကဏ္ဍ ကျယ်ပြန့်ခြင်းတို့သည် နိုင်ငံ၏ ဒီမိုကရေစီဖက်ဒရယ် ပါလီမန်စနစ်ကို အခွန့်ရှည် အောင်မြင်စေပါသည်။

ထို့ပြင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ကျင်းပမည့် ဂျာမနီနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲမှာ ရက်ပေါင်း ၈၀ ပင် မလိုတော့ပြီဖြစ်ရာ စောင့်ကြည့်လေ့လာ သုံးသပ်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

◆ ဂျာမနီနိုင်ငံ၏ ပါလီမန်စနစ်သည် ဗဟိုအစိုးရအဖွဲ့ပါလီမန်နှင့် ပြည်နယ်အစိုးရအဖွဲ့ ပါလီမန်ဟူ၍ နှစ်ပိုင်းခွဲခြားထားပါသည်။ ဂျာမနီနိုင်ငံ၏ Lander ဟုခေါ်သော ဖက်ဒရယ်ပြည်နယ်များသည် အခြေခံဥပဒေပြဋ္ဌာန်းခြင်းမှတစ်ပါး နိုင်ငံ့တာဝန်နှင့် အာဏာတို့ကို ခွဲဝေကျင့်သုံးဆောင်ရွက်ပါသည်။ ပြည်နယ်အလိုက် ဖက်ဒရယ်ဥပဒေများရှိပြီး လွတ်လပ်သော ပြည်သူ့ဆန္ဒခံယူပွဲများကို တိုက်ရိုက်ပြုနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များလည်းရှိ

**ကျမ်းကိုး**

- Germany Federal Election Act / Grundgesetz (Germany)
- Federalism_MY (International IDEA)
- Election in Germany / The Federal Returning Officer
- https://www.bundestag.de/en
- How does the German general election work
- Electoral System of Germany
- The Election of the Federal Chancellor
- EU Political sources /German Federal Government News
- Lander in Germany (library.oapen.org)
- https://www.bundesrat.de/EN

# အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံ သတ်မှတ်တန်ချိန် ပြည့်မီအောင် တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၉**

ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလအတွင်း စားသုံးသူပြည်သူများ အခြေခံစားကုန်များကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေး၊ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် ဈေးနှုန်း အဆမတန် မြင့်တင်ရောင်းချမှုမရှိစေရေးတို့အတွက် ဈေးကွက်အတွင်းရှိ ကုန်စည်များ၏ ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual Zoom Meeting စနစ်ဖြင့် ကျင်းပသည့်အခြေခံစားသောက်ကုန်များ ဈေးကွက်လိုအပ်ချက်ဖူလုံအောင် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း Virtual Zoom Meeting စနစ်ဖြင့် ကျင်းပသည့် အခြေခံစားသောက်ကုန်များ ဈေးကွက်လိုအပ်ချက်ဖူလုံအောင် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ကဏ္ဍအလိုက် ရှင်းလင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးကို တက်ရောက်လာကြသော သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့ လုပ်ငန်းရှင်များအနေဖြင့် အခြေခံစားသောက်ကုန်များ ဈေးကွက်လိုအပ်ချက်ဖူလုံအောင် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးတို့အတွက် နိုင်ငံတော်ဘက်မှ ဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ ကူညီပံ့ပိုးပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပြီး ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ရန်နောင်စိုးတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

### မတ်ပဲနှင့် ပဲစင်းငုံများတင်ပို့

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံများ စနစ်တကျတင်ပို့သွားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

### လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံ ရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁၈ ရက်တွင် နှစ်နိုင်ငံ အစိုးရများအကြား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုမိမိတို့ အနေဖြင့် MoU အရ မတ်ပဲနှင့်ပဲစင်းငုံ တင်ပို့နိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှု၊ ဈေးကွက်အခြေအနေနှင့် ပဲတင်ပို့သူများ၏ အားသာချက်/အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ရေး၊ ပဲတင်ပို့မှုအပေါ် နှစ်နိုင်ငံအကြား ပူးတွဲကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းနိုင်ရေး၊ G to G MoUအရ တင်ပို့သည့် မတ်ပဲနှင့် ပဲစင်းငုံတင်ပို့မှုအား အခြားတင်ပို့မှုများနှင့် ရောထွေးခြင်း မရှိစေဘဲ စနစ်တကျမှတ်သား၍ တင်ပို့သွားနိုင်ရေးနှင့် မတ်ပဲနှင့် ပဲစင်းငုံအား နှစ်စဉ်သတ်မှတ်တန်ချိန်ပြည့်မီအောင် တင်ပို့နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် ပဲမျိုးစုံအား စိုက်ဧက၊ ထုတ်လုပ်မှုနှင့် ပို့လျှံမှုတို့ကို ကြိုတင်ချိန်ဆ၍ ပြည်ပတင်ပို့မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အိန္ဒိယဈေးကွက်အပြင် အခြား ဈေးကွက်များကို ထိုးဖောက်ဝင်ရောက်နိုင်ရန်နှင့် ဈေးကွက်ခိုင်မာမှုရရှိစေရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် မှာကြားသည်။

### အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးလျက်ရှိ

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပဲမျိုးစုံအတွက် အဓိကဈေးကွက်ဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် G to G MoU ရေးထိုးနိုင်ခဲ့သည့်အတွက် မြန်မာ့ပဲစိုက်တောင်သူများအတွက် (၅)နှစ်စာ ဈေးကွက်ခိုင်မာမှုရရှိစေပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ GAP စနစ်ဖြင့် လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ခေတ်မီနည်းပညာများ ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပဲတင်ပို့မှုများအတွက် Phytosanitary Certificate (PC) များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးလျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံသို့ G to G MoU ဖြင့် ပဲတင်ပို့သွားနိုင်ရေးလိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ IPRCC တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် “ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်း” အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေကြေးအထောက်အပံ့ဖြင့် (၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ) ပြည်ထောင်စုနယ်မြေ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာနှင့် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ နှစ်ရွာတို့တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန် ရည်ရွယ်၍ ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ရာ ယခုစီမံကိန်းမှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို ပေါင်းစည်းဆောင်ရွက်နိုင်မည့် စနစ်တစ်ခုကို ရရှိစေမည်ဖြစ်ပြီး ယင်းစနစ်ကို မြန်မာနိုင်ငံအတွက်သာမက အာဆီယံဒေသတွင်းရှိ အခြားသော ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းများတွင်လည်း စံနမူနာအဖြစ် ထည့်သွင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၊ စိန်ပန်းနွယ်လယ်ယာ(၂) အထွေထွေစီးပွားရေးသမဝါယမအသင်းသို့ ရောက်ရှိကာ အမှုဆောင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် အသင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့

**လှိုင်းဘွဲ့ ဩဂုတ် ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ဇူလိုင်လနောက်ဆုံးပတ်က မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျချောင်းရေများ ကျဆင်းလာမှုကြောင့် မြေနိမ့်ပိုင်းနှင့် တချို့ကျေးရွာများတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ်အတွင်း ရေဝင်ရောက်သည့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအတွက် ဆန်အိတ်များ ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ဆန်အိတ်များကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းနှင့် တာဝန်ရှိသူများက လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ အိမ်ထောင်စု ၂၃၃၃ စု၊ လူဦးရေ ၅၅၄၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်နှုန်းဖြင့် စုစုပေါင်းဆန်အိတ် ၂၈၂ အိတ်ကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**

(ပြန်/ဆက်)

# နောက်တစ်ခါ လာပြန်ပြီဟေ့

ကိုရေချမ်း

**“နောက်တစ်ခါ လာပြန်ပြီဟေ့ . . . ဟေ . . . ဟေ . . . ဝါး” လို့ဆိုတဲ့ နားပန်းဆံသီချင်းလေးထဲက အတောအထ စာသားလေးကို ဆိုညည်းမိတာ အတော်ပဲအရသာရှိ အားရှိလှပါတယ်။**

သီချင်းရဲ့အနှစ်သာရက မြှောက်ကြွားနေတဲ့ ရွာသားလေးကို ဝိုင်းဝန်းမြှောက်စားကြတဲ့သီချင်း ဖြစ်ပါတယ်။ ဆရာရွှေပြည်အေး ရေးစပ်ထားတဲ့ ရွာသူ ရွာသားတွေရဲ့ ပျော်ရွှင်စရာဘဝလေ့ သရုပ်ဖော် ကျေးလက်သီချင်းလေးဟာ ရွှင်မြူး တက်ကြွလန်းဆန်းစေတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါ တယ်။

ကျွန်တော်ဆိုလိုချင်တာကတော့ ရွာသူ ရွာသားတွေရဲ့ ပျော်ရွှင်ဖွယ်ရာတော့ မဟုတ်ပါဘူး။ CRPH၊ NUG တို့ရဲ့ မြှောက်ကြွားနေတဲ့ လေလုံး မိုးလုံးတွေနဲ့ အရင်တစ်ခါ PDF တွေကို မြှောက်စားပြီးတဲ့နောက် ဘာမှဖြစ်မလာပြန်တော့ အခုတစ်ခါ ထပ်မံမြှောက်စား လေလုံးထုတ်၊ ဟန်ရေးပြလာကြတာကို “နောက်တစ်ခါ လာပြန်ပြီဟေ့ . . . ဟေ . . . ဟေ . . . ဝါး” လို့ အဖြစ်မှန်ကို နားလည်ကြတဲ့ ပြည်သူတွေက ဝိုင်းဝန်းလှောင်ပြောင်ကြတဲ့ သဘော ဖြစ်ပါတယ်။ အရင်တစ်ခါ ဇွန်လ ၃၀ ရက်နေ့ကို D – Day ပြည်သိမ်းမယ့်ရက်ဆိုပြီး PDF တွေကို တပ်လှန့်ပေးခဲ့တာ ဇွန်လ ၃၀ ရက်မရောက်မီမှာဘဲ PDF တွေ အစုလိုက်၊ အစုလိုက် အဖမ်းခံခဲ့ရတာတွေ တွေ့ခဲ့ရပါတယ်။ အခုတစ်ခါ D – Day ခေါ်ပြီး နှစ်လအတွင်း အာဏာသိမ်းအဖွဲ့ ပျောက်ပျက်နိုင်တယ်လို့ PDF တွေက ကြောက်ကျွံခတ်သလို ပြောလာပြန်ပါတယ်။

## စိတ်ကူးနဲ့ရူးနေ

ဒီသတင်းကို NUG က D – Day ခေါ်ပြီး လ အနည်းငယ်အတွင်း အာဏာသိမ်းစစ်အုပ်စု ကျဆုံး ပျောက်ပျက်သွားမှာဖြစ်တယ်လို့ တော်လှန်ရေး သမားတွေက ပြောပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိ အားဖြင့် မိမိတို့ဒေသအလိုက် ရရာလက်နက်နဲ့ တိုက်ခိုက်နေတဲ့ PDF တွေကို NUG က ဆက်သွယ် ကူညီပေးနေသလို NUG ကိုယ်တိုင်ကလည်း PDF တပ်မတော်ကို ဖွဲ့စည်းအသင့်ပြင်နေတယ်လို့ ဆိုပါတယ်။ တစ်ပြည်လုံးအနှံ့ စတင်တိုက်ခိုက်မယ့်နေ့ရက်ကို NUG က ထုတ်ပြန်ကြေညာခြင်း မရှိသေးပေမယ့် လများမကြာမီ စတင်တော့မယ်ဆိုတဲ့သတင်းတွေ ပေါ်ထွက်နေပါပြီလို့ ဝါရှင်တန်ဒီစီမှ RFA က သတင်းထုတ်လွှင့်ပေးခဲ့တာကို တွေ့ရပါတယ်။ NUG ဟာ ပြည်ပနိုင်ငံကြီးတစ်နိုင်ငံကနေ ပြည်တွင်းမှာရှိတဲ့ လူငယ်တွေ၊ PDF တွေကို မြှောက်ပင့်ပေးခဲ့တာကြာခဲ့ပါပြီ။ ယခင်ကလည်း အမျိုးမျိုး အချိန်းအချက်ပေးပြီး မစမီကတည်းက ပျက်သုဉ်းပျောက်ကွယ်သွားတာပါပဲ။ NLD ကနေ ဖြစ်လာတဲ့ NUG နဲ့ PDF တွေဟာ “ပြည်ဖျက်စီမံကိန်း”ကို စိတ်ကူးနဲ့ ရူးနေကြတာဖြစ်ပါတယ်။

ပြည်ဖျက်၊ ပြည်သိမ်း စီမံချက်တွေဟာလည်း ဝက်ဝက်ကွဲအောင် အထိတ်တလန့် ဖြစ်စရာတွေ ပါပဲ။ အံ့ဩဘနန်း အောင်ပွဲကြီးခံလိမ့်မယ်လို့ အမျိုးမျိုးလှန့်လုံး၊ ခြောက်လုံးတွေ ပြုလုပ်ခဲ့ကြ တာဖြစ်ပါတယ်။ ပြည်ပအခြေစိုက်မီဒီယာတွေက လည်း အဆက်မပြတ် သတင်းလွှင့်ပေးနေကြပါ တယ်။ **NUG ရဲ့ မြှောက်ပင့်ပေးမှုတွေကို မျှော်လင့် ရင်းနဲ့ နွေဦးတော်လှန်ရေး၊ မိုးတွင်းတော်လှန်ရေးလို့ ကြွေးကြော်ပြီး လက်နက်ကိုင်အကြမ်းဖက်တဲ့ သူတွေဟာ မြို့ပေါ်ရောက်လာရင် တစ်သုတ်ပြီး တစ်သုတ် အဖမ်းခံလိုက်ရ၊ ကျေးလက်တွေမှာဆို အစုလိုက်အပြုံလိုက် နှိမ်နင်းခံလိုက်ရနဲ့ ပြေးစရာ မြေမရှိဖြစ်နေပါတယ်။**

NUG က လွတ်ရာကျွတ်ရာ သာသာယာယာက နေ မြှောက်ပင့်ပေးနေတော့ ပြည်တွင်းက သူတို့ရဲ့ ဩဇာခံ၊ လူမိုက် PDF တွေ မရှုမလှခံနေရပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကယား ပြည်နယ်က ဒေသတချို့မှာ အားမသန်ဘဲ ခါချဉ် ကောင် မာန်ကြီးလို့ အဲဒီဒေသက ကျေးလက်ပြည်သူ တွေ အတိဒုက္ခရောက်ကြရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ တွေကို အကြမ်းဖက်သမားတွေက ချောင်းမြောင်း တိုက်ခိုက်လို့ ဖယ်ရှားရှင်းလင်းနှိမ်နင်းခံရရင် အပြစ်မဲ့ပြည်သူတွေ ရက်ရက်စက်စက် အသတ်ခံရ တယ်လို့ ပြောင်းပြန်လှန်ပြီး ပြောကြပါတယ်။

## တကယ့်အခြေအနေ

တကယ်တော့ NUG နဲ့ PDF တွေဟာ မြေပြင်က လက်တွေ့အဖြစ်အပျက်တွေနဲ့ အမြီးအမောက် မတည့်တဲ့အခြေအနေတွေကို ခြောက်လုံး၊ ဟန့်လုံး တွေနဲ့ ပြောနေကြတာဖြစ်ပါတယ်။ **“တော်လှန်ရေး သက်တမ်းခြောက်လမှာ ကျွန်တော်မြို့ပေါ်မှာ နှစ်လ လောက်ပဲ နေခဲ့ရတာပါ။ ဒီမှာရောက်နေတာ လေးလပတ်ဝန်းကျင်ပေါ့။ ကျွန်တော်ဗျာ ခင်ဗျားတို့ မြို့ပေါ်မှာပျော်နေတဲ့သူတွေကို တစ်ခါတလေ မနာလိုအားကျဖြစ်မိတယ်။ ဘယ်လောက်ပဲခက်ခဲ ပါစေ၊ ကောင်းကောင်းစားလို့ရတယ်။ ကိုယ့်အိပ် ရာမှာ နွေးနွေးထွေးထွေးအိပ်လို့ရတယ်။ မိသားစု တွေ၊ ချစ်ရတဲ့သူတွေ၊ သူငယ်ချင်းတွေနဲ့တွေ့လို့ ရတယ်။ ကျွန်တော်တို့ အဲဒါတွေ အကုန်စွန့်ပြီး လာခဲ့ တာပါ။ ရှုံးရင် ကျွန်တော်တို့ အဲဒါတွေကို ထာဝရ နှုတ်ဆက်ရမှာပါ။ နောက်ပြန်လှည့်လို့မရပါဘူး။ မိသားစုတွေ၊ သူငယ်ချင်းတွေ၊ ချစ်ရတဲ့သူတွေနဲ့ ခွဲခွာပြီး နေနေရတဲ့သူတွေအတွက် ခင်ဗျားတို့စာနာ ပေးပါ။ လူသားအချင်းချင်းပဲ စာနာတဲ့စိတ်လေးတော့ ထားပေးပါ။ အဲတော့ ခင်ဗျားတို့မပျော်နဲ့ မပြောပါ ဘူး။ ပျော်ပါ ကျွန်တော်တို့လည်း နိုင်အောင်ဆက်တိုက် မယ်။ ဒါပေမယ့် နောက်ကွယ်ကနေ PDF တွေ၊ STF တွေကို ထောက်ပံ့ပေးပါ။ ဒီရက်ပိုင်းလည်း မြို့ပေါ်က ညီအစ်ကိုတွေ အများကြီးဖမ်းမိတော့ စိတ်ကသိပ်အဆင် မပြေဘူး။ ဒီလူတွေကုန်သွားရင် နောက်ထပ်ဘယ်သူမှ မရှိတော့ပါဘူး။ ကူညီနိုင်ကြပါစေ”**လို့ မြှောက်ပိုင်း PDF တစ်ယောက်ရဲ့ ရင်ဖွင့်သံဟာ ဘယ်ပြည်ပ မီဒီယာကမှ မထုတ်လွှင့်တဲ့၊ NUG က နှာစေးနေတဲ့ မြေပြင်က တကယ့်အခြေအနေဖြစ်ပါတယ်။

တိုင်းရင်းသားလူငယ် ခေါင်းဆောင်တစ် ယောက်ကလည်း **“ဒီရက်ပိုင်း PDF တွေကိုယ်တိုင် Page တွေကနေရော သူတို့ acc တွေကပါ NUG ကို ခပ်စိပ်စိပ် ဝေဖန်လာကြတာ တွေ့တယ်။ တချို့ဆို ဝေဖန်ရုံတင်မဟုတ်ဘူး။ ဒေါကန်ပြီး ဆဲတဲ့အဆင့်ပါ ဖြစ်လာရော။ သူတို့ဘက်ကကြည့်ရင်လည်း ပေါက်ကွဲသင့်တယ်။ သူတို့ခမျာ မိသားစု၊ အသက်၊ ဘဝအနာဂတ်တွေကိုရင်းပြီး တောထဲဝင်ခဲ့ရတာ။ သူတို့ကို အုပ်ချုပ်ဦးဆောင်မယ့် NUG က အခုထက် ထိ သကြားလုံးတစ်ထုပ်နဲ့ဘာဆိုလား ထောက်ပံ့ပြီး အခုထိ မမြင်ရတော့ဘူးတဲ့။ လက်နက်ကိုင်တိုက်ရ မယ့်သူတွေက လက်နက်တောင် မသေချာသေးတဲ့ အပြင် မိုးတွင်းကလည်းဖြစ်၊ ရိက္ခာကလည်းမလုံ လောက် လက်နက်ကိုင်တိုက်ဖို့ထက် ဝမ်းစာအရင် ရှာစားနေရတဲ့ဘဝဖြစ်ကုန်ပြီ။ တချို့ဆို စားစရာ မရှိလို့ တောပင့်ကူတွေနဲ့ တွေ့တဲ့အကောင်တိုင်း မီးဖုတ်စားရတဲ့ အခြေအနေဖြစ်နေပြီ။**

**အဲဒီလို ကြမ်းတမ်းခက်ခဲစွာ နေထိုင်ရတာကို စိတ်ကုန်လို့ တောတွင်းဘဝကို စွန့်လွှတ်ပြီး အိမ်ပြန် မယ်ဆိုတော့လည်း ပြန်စရာလမ်းစရိတ်ကမရှိတော့ ဘူးတဲ့။ သူတို့ရဲ့အခက်အခဲတွေကို NUG ကို တင်ပြ မယ်ဆိုတော့လည်း NUG ဘက်က တိုက်ရိုက် အဆက်သွယ်မခံဘူး။ ကြားခံနဲ့သာ ဆက်သွယ်ရ သတဲ့။ နိုင်ငံတကာနဲ့ကျ တိုက်ရိုက်ပတ်တွေ့ပြီး သူတို့လို အနီးကပ်ဆက်ဆံရမယ့်လူကျ ဘာလို့ တိုက်ရိုက်မတွေ့လဲဆိုပြီး သူတို့တင်ထားကြတယ်။ NUG ဟာ အခုထက်ထိ ပြည်သူတွေနဲ့ တိုက်ရိုက် ထိတွေ့ပြီး ပြည်သူ့အသံကို နားထောင်တတ်ဖို့ မပြောနဲ့ သူတို့လက်အောက်ခံအဖွဲ့အစည်း PDF ရဲ့အသံကိုတောင် တိုက်ရိုက်နားမထောင်ဘဲ ကြားခံ ထားမှတော့ ဘယ်လိုလုပ် ကိုယ်တိုင်ကြားပြီး နား လည်ကိုယ်ချင်းစာပေးနိုင်တော့မလဲ”**လို့ သူ့ရဲ့ခံစား ရတာကို မျှဝေပေးခဲ့တာတွေဟာ တကယ်ဖြစ်ရပ်မှန် တွေပါပဲ။

## စိတ်မဝင်စားဘူး

ပြီးခဲ့တဲ့ ဇူလိုင်လ ၇ ရက်က CNN က 'Inside the Myanmar mountain camp where rebels train to fight for freedom from the junta' ဆိုပြီး ထုတ်လွှင့်ခဲ့တဲ့ သတင်းတစ်ပုဒ်မှာ ချင်းပြည်နယ်မှာ တောခိုနေတဲ့ GZ တွေရဲ့ဘဝနဲ့ စစ်ဘေးဒုက္ခသည် တွေအကြောင်း သတင်းဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့ ပါတယ်။ ဆောင်းပါးမှာ တပ်မတော်ကို ခပ်ပါးပါး အပြစ်တင်ထားပြီး PDF တွေ ရှုံးနိမ့်နေပြီဆိုတာကို သွယ်ဝိုက်ပြီးတော့ ဝန်ခံထားတာကို တွေ့ရပါတယ်။

ဆောင်းပါးမှာ တောထဲမှာ ဗုံးစမ်းသပ်ရင်း ပေါက်ကွဲလို့ ပွဲချင်းပြီးတဲ့ GZ တွေအကြောင်းလည်း ပါပါတယ်။ ဆောင်းပါးဟာ မြန်မာ – အိန္ဒိယ နယ်စပ်က လက်နက်ကိုင်အဖွဲ့ (CNF) ကို အခြေ ပြုထားပြီး တိုင်းရင်းသားလက်နက်ကိုင်တွေ အနေနဲ့ တပ်မတော်ကို ဘုံရန်သူအဖြစ်ထားပြီး ဒီမိုကရေစီအရေးနဲ့ ဖက်ဒရယ်အရေးအတွက် တိုက်ပွဲဝင်ကြဖို့ လမ်းကြောင်းပေးထားတာ တွေ့ရ ပါတယ်။ တကယ်တော့ EAOs တွေဟာ သူ့နေရာ မှာသူ လှုပ်ရှားနေကြတာဖြစ်ပါတယ်။ အတွင်းထဲ ဝင်ပြီး တပ်မတော်နဲ့ တိုက်ခိုက်နိုင်တဲ့အခြေအနေ မရှိပါဘူး။ ဘယ် EAOs မှ ရှိရင်းစွဲမှုခြေကို အပျက်ခံ ပြီး စစ်မြှူဖို့ စိတ်မဝင်စားပါဘူး။

ပြီးခဲ့တဲ့ ဩဂုတ်လ ၃ ရက်နေ့က ကုလသမဂ္ဂ ရဲ့ မြန်မာကိုယ်စားလှယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ဝရမ်းပြေးက စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝိုက်က ရွာတွေမှာ ပြီးခဲ့တဲ့လက လူအစုလိုက် ညှဉ်းပန်း သတ်ဖြတ်မှုတွေရှိတယ်ဆိုပြီး ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ကို မျက်ရည်ခံထိုး တိုင်တန်းထားတာ တွေ့လိုက်ရပါတယ်။ ကုလသမဂ္ဂကို လေလှိုင်းပေါ် က တစ်ဖက်တည်းအမြင်တွေနဲ့ “သူခိုးက လူ လူ” ဟစ်လိုက်တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသ ကြီးအတွင်းက မြို့နယ်အချို့ရဲ့ ကျေးရွာတချို့ ပတ်ဝန်းကျင်မှာ NLD က ပေါက်ဖွားလာတဲ့ CRPH နဲ့ NUG က ကျေးလက်က မသိနားမလည်တဲ့ ပြည်သူတွေကို မြှောက်ပင့်ပေးပြီး အကြမ်းဖက် သမားဘဝကို တွန်းပို့ပေးခဲ့တာဖြစ်ပါတယ်။

ကျေးလက်ပြည်သူတချို့ဟာ ဒေသခံ PDF အဖြစ် မပြန်လမ်းကို ရောက်ရှိသွားတာဖြစ်ပါ တယ်။ ရရာလက်နက်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို တန်ပြန်တိုက်ခိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာပါပဲ။ ကြားထဲက ကျေးလက်ပြည်သူတွေဟာ မြေစာပင်ဖြစ်ကြရပါ တယ်။ စစ်ကိုခေါ်တုန်းကခေါ်ပြီး တိုက်ခိုက်ရင်း နဲ့သေဆုံး၊ စစ်ဘေးဒုက္ခသည်တွေဖြစ်လာမှ လုံခြုံရေး တပ်ဖွဲ့ကို အပြစ်ပုံချတာ အလွန်ညံ့ဖျင်းတဲ့ စိတ်ကူး ဖြစ်ပါတယ်။

## သေတွင်းတူးသလို

**အရင်တစ်ခါ Federal Army ဘာညာသတင်း ကိုမျှော်ရင်း CRPH က ဝန်ကြီးဆိုသူက စစ်သင်တန်းသာ ရအောင်တက်ထား၊ လက်နက် ကိစ္စပူရန်မလို အားလုံးစီစဉ်ပြီးနေပြီ လူစေ့မရ တောင် ဝေစုတစ်စုစာရောက်အောင် ပို့ပေးလိုက် မယ်ဆိုတဲ့ မြှောက်ပင့်ပေးတာနဲ့ ရရာတူမီးသေနတ် နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ပြန်လည်တိုက်ခိုက်ကြ တာ သေသူသေ၊ အဖမ်းခံရသူအဖမ်းခံပဲ အဖတ် တင်ပါတယ်။ နောက်တစ်ခါ ဇွန် ၃၀ ရက်ကို D – Day ဆိုပြီး မြှောက်ပင့်ပေးလိုက်တာ အတုံး အရုံး သေဆုံးအဖမ်းခံကြရပြန်ပါတယ်။**

အခုနောက်တစ်ခါ ပြည်သိမ်းစစ်ပွဲကြီး D – Day ကြီးလာတော့မယ်လို့ ထပ်မံမြှောက်ပင့် လှုံ့ဆော်ပေးလာပြန်ပါတယ်။ နှစ်လအတွင်း ပြည်သိမ်းမယ်လို့ သကြံန်အမြောက်ဖောက်ကြ ပြန်ပါတယ်။ တစ်ဖက်ကတော့ မနိုင်မှန်းသိလို့ တပ်မတော်ကို ပြိုကွဲဖို့ သွေးထိုးလှုံ့ဆော်ပေးကြပါ တယ်။ စနစ်တကျဖွဲ့စည်းပြီး နှစ်ပေါင်း ၇၀ ခန့် စစ်ရေးအတွေ့အကြုံရှိတဲ့ EAOs တွေတောင် စစ်ကိုမြှူဖို့ မကြိုးစားခဲ့ပါဘူး။ မနေ့တစ်နေ့ကမှ စစ်သင်တန်းလေး ဘာလေးတက်ပြီး စစ်ကိုမြှူဖို့ ကြိုးစားရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်မှာ သေချာပါတယ်။

သို့သော်လည်း ဖမ်းမိပြီးသား အကြမ်းဖက် သမားတွေ အရေအတွက်နဲ့ လက်နက်တွေကို ကြည့်မယ်ဆိုရင် ရန်သူကို လျှော့တွက်လို့တော့ မရပါဘူး။ တပ်မတော်က မဖြိုခွဲနိုင်ရင် အဲဒီလူ တွေနဲ့လက်နက်တွေဟာ တိုင်းပြည်ကို ဖရိုဖရဲဖြစ် သွားနိုင်ပါတယ်။ အစဉ်အလာရှိတဲ့ တပ်မတော်ဟာ တရားတဲ့စစ်ပွဲရဲ့ နိုင်ခြေကို ရာခိုင်နှုန်းပြည့် ဆွဲတင် ထားမှာဖြစ်ပြီး အကြမ်းဖက်သမားတွေကို သုညအထိဆွဲချမှာ သေချာပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် အကြမ်းဖက်သမားတွေ အခု D – Day လို့ အော်လိုက်တာကို “နောက်တစ်ခါလာပြန် ပြီဟေ့ . . . ဟေ . . . ဟေ . . . ဝါး”လို့သာ ရယ်လိုက် ချင်ပါတယ်။ ။

**“ ပြီးခဲ့တဲ့ ဩဂုတ်လ ၃ ရက်နေ့က ကုလသမဂ္ဂရဲ့ မြန်မာကိုယ်စားလှယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ဝရမ်းပြေးက စစ်ကိုင်းတိုင်းဒေသကြီး တစ်ဝိုက်က ရွာတွေမှာ ပြီးခဲ့တဲ့လက လူအစုလိုက် ညှဉ်းပန်းသတ်ဖြတ်မှုတွေရှိတယ်ဆိုပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို မျက်ရည်ခံထိုး တိုင်တန်းထားတာ တွေ့လိုက်ရပါတယ်။ ကုလသမဂ္ဂကို လေလှိုင်းပေါ်က တစ်ဖက်တည်းအမြင်တွေနဲ့ “သူခိုးက လူ လူ” ဟစ်လိုက်တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မြို့နယ်အချို့ရဲ့ ကျေးရွာတချို့ ပတ်ဝန်းကျင်မှာ NLD က ပေါက်ဖွားလာတဲ့ CRPH နဲ့ NUG က ကျေးလက်က မသိနားမလည်တဲ့ ပြည်သူတွေကို မြှောက်ပင့်ပေးပြီး အကြမ်းဖက်သမားဘဝကို တွန်းပို့ပေးခဲ့ ”**

# ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များ အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံ၏ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်အား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက အတည်ပြု ထုတ်ပြန်ခဲ့ပါကြောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် မဟာဗျူဟာ စီမံချက်ပါ ငွေကြေးအထောက်အပံ့ပေးရေး လုပ်ငန်းအစီအစဉ်များ အနက် လူမှုရေးပင်စင်အစီအစဉ်နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် (MCCT) အစီအစဉ်(၂)ရပ်ကို ပုံမှန်အစီအစဉ်များအနေဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက Zoom Application စနစ်ဖြင့် ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

**အဓိကထားဆောင်ရွက်**

ဆက်လက်၍ ယခုကဲ့သို့သော ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့် အချိန်ကာလ၌ ငွေကြေးအထောက်အပံ့များသည် အကျိုးခံစားခွင့်ရှိသူများအတွက် များစွာအထောက်အကူဖြစ်ပါကြောင်း၊ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များကို ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အကောင်အထည်ဖော်ရာတွင် ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြေပြင်တွင် ထောက်ပံ့ကြေးပေးအပ်မှုများ ဆောင်ရွက်ရာ၌ ထိတွေ့မှု အနည်းဆုံးဖြစ်စေရေးအတွက် အီလက်ထရောနစ်စနစ်ကို အခြေခံသည့် ငွေကြေးလွှဲပြောင်းမှုအား အဓိကထား ဆောင်ရွက်သင့်ကြောင်း။

ယခင်ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင်လည်း ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး MCCT အစီအစဉ်များ အကောင်အထည်ဖော်ရာ၌ ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ ဝန်ဆောင်မှုပေးတဲ့အဖွဲ့များထံ လုပ်ငန်းအပ်နှံပြီး အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းခြင်းကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဘဏ္ဍာရေး နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ငွေကြေးလွှဲပြောင်းမှု ဝန်ဆောင်မှုပေးသည့်အဖွဲ့များထံ လုပ်ငန်းအပ်နှံဆောင်ရွက်သွားရန် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ငွေကြေးလွှဲပြောင်းမှုဝန်ဆောင်မှုပေးသည့် အဖွဲ့များထံ လုပ်ငန်းအပ်နှံဆောင်ရွက်သွားနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များအား ဖြည့်စွက်ပြောကြားပြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အီလက်ထရောနစ်စနစ်ကို အခြေခံသည့် ငွေကြေးလွှဲပြောင်းမှုသို့ ပြောင်းလဲဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသည့် အချက်များအား တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုံးပိတ်ရက်ရှည်ကာလအတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု အရှိန်အဟုန်မပျက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

အများပြည်သူ အလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်ကပ်ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များကို ဇူလိုင် ၁၇ ရက်မှစ၍ ဩဂုတ် ၁၅ ရက်အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် အဆိုပါ ရုံးပိတ်ရက်ရှည်ကာလများအတွင်း ပင်လယ်ပြင်ငါးဖမ်းဆီးခြင်း လုပ်ငန်းနှင့် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်ရေးအတွက် ရုံးလုပ်ငန်းကိစ္စရပ်များကို ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ရုံးပိတ်ရက် ကာလအတွင်း ပင်လယ်ရေကြောင်းဖြင့် တင်ပို့သည့် ကွန်တိန်နာ ၁၂၅ လုံး၊ မက်ထရစ်တန် ၂၉၀၄ ဒသမ ၅၃၀၊ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၆၆ သန်း၊ လေကြောင်းမှ မက်ထရစ်တန် ၁၀၄၂ ဒသမ ၄၀၆၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅၆ သန်း၊ မြဝတီ၊ ကော့သောင်းနှင့် ထီးခီးနယ်စပ် ထွက်ပေါက်များမှ မက်ထရစ်တန် ၃၅၇၆ ဒသမ ၃၄၈၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၀၃ သန်း တန်ဖိုးရှိရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့နိုင်ရေးအတွက် ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန စာရင်းဇယားများတွင် ဖော်ပြသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ရေလုပ်ငန်းရှင်များ ဖြစ်ပေါ်ခဲ့သော အခက်အခဲများအား ကုစားနိုင်ရေး၊ ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေး၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရေး၊ ပြည်တွင်းငါးရိက္ခာဖူလုံရေး၊ ရေလုပ်သားများ၏ အလုပ်အကိုင် လူမှုစီးပွားဘဝ လည်ပတ်နိုင်ရေးအတွက် ငါးမဖမ်းရရာသီပိတ် မေ၊ ဇွန်၊ ဇူလိုင် သုံးလအနက် ဇူလိုင်လတွင် ကမ်းဝေးငါးဖမ်း ရေယာဉ် ၅၀ ရာခိုင်နှုန်းကို ငါးဖမ်းဆီးခွင့်ပြုခဲ့ရာ ကမ်းဝေးငါးဖမ်းရေယာဉ် ၈၉၉ စင်းကို ဇူလိုင် ၁၃ ရက်မှစပြီး ငါးဖမ်းလုပ်ငန်း ထွက်ခွာနိုင်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ ပင်လယ်ကမ်းဝေး ငါးဖမ်းရေယာဉ် ၅၇၃ စင်းကို ငါးဖမ်းကွက်များသို့ ထွက်ခွာခွင့်ပြုပြီး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ငါးဖမ်းရေယာဉ် စင်းရေ ၁၄၇၂ စင်း ပင်လယ်ပြင်၌ ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။



**သတင်းစဉ်**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်တံတား ပြိုကျပျက်စီးမှုနှင့် လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည့်နေရာများအား ပြန်လည်ပြုပြင်ခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ ရေကျော်အုပ်စု သက်န်းကျေးရွာနှင့် မိုးတိမ်ပြင် ကျေးရွာအုပ်စု ဆင်မှုံ ကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက် သစ်သားတံတားသည် ဩဂုတ် ၆ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့ရာ ယနေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပြန်လည်ပြုပြင်ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**



အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပဲခူးမြို့ အလင်းရောင်ရပ်ကွက် အောင်စိုးမိုးလမ်းထိပ်ရှိ ဓာတ်မီးတိုင်များ တိမ်းစောင်းခြင်းနှင့် လမ်းဘေးဝဲယာရှိ သစ်ပင်များလဲကျပြီး လမ်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့ရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ပဲခူးတပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပျက်ကျနေသည့် လျှပ်စစ်ဝိုင်ယာကြိုးများနှင့် တိမ်းစောင်းသွားသည့် ဓာတ်မီးတိုင်များအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ပြန်လည်တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့များသို့ တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၉**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်အခန်းတွင် ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များနှင့် ဆေးထိုးအပ်များကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ရဟတ်ယာဉ်တို့ဖြင့် မြစ်ကြီးနားမြို့နှင့်ဗန်းမော်မြို့များသို့ ပို့ဆောင်ပေးသည်။

ထိုသို့ပို့ဆောင်ပေးရာတွင် မြစ်ကြီးနားမြို့သို့ ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေး ၁၂ ပုံး၊အလုံးရေ ၃၇၀၀ နှင့် ဆေးထိုးအပ် ၁၀၆၀၀ တို့ကိုလည်းကောင်း၊ ဗန်းမော်မြို့သို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး သုံးပုံး၊ အလုံးရေ ၁၀၀၀ နှင့် ဆေးထိုးအပ် ၂၀၀၀ တို့ကိုလည်းကောင်း အသီးသီးပို့ဆောင်ပေးခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ ထိုသို့ ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု၊ လူဦးရေဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ) ရှိ ပို့ဆောင်ရေးလေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်ဘနွန်-အစ္စရေးနယ်စပ် တည်ငြိမ်ရေးအတွက် ကုလသမဂ္ဂအကြီးအကဲထပ်မံတောင်းဆို

ဂျီနီဗာ ဩဂုတ် ၉



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။

လက်ဘနွန် – အစ္စရေးနယ်စပ် တည်ငြိမ်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဩဂုတ် ၈ ရက်တွင် ထပ်မံတောင်းဆိုခဲ့သည်။ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တွင် တင်းမာမှုများ အရှိန်မြင့်လာသည့်အတွက် နက်ရှိုင်းစွာ စိုးရိမ်ပူပန်မိသည်ဟု အထွေထွေအတွင်းရေးမှူးချုပ်က ပြောသည်။

လက်ဘနွန်နိုင်ငံ အတွင်းမှ အစ္စရေးနိုင်ငံဘက်သို့ ဒုံးကျည်များ ပစ်ခတ်ခြင်းနှင့် အစ္စရေးဘက်မှ လက်ဘနွန်သို့ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးများနှင့် ပစ်ခတ်မှုတို့ပြုလုပ်ခဲ့ခြင်းကြောင့် တင်းမာနေရသည့် အခြေအနေများအပေါ် စိုးရိမ်ရသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းထုတ်ပြန်ရေးရုံးက ပြောသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ပေါက်ကွဲမှုအပြီး တစ်နှစ်အကြာ စီးပွားရေးနှင့် နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုများကြား ကျရောက်နေချိန် ယခုလို လက်နက်ကြီးများဖြင့်ပစ်ခတ်မှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တွင် တည်ငြိမ်မှုရှိစေရေးအတွက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က ဩဂုတ် ၆ ရက်တွင်လည်း တစ်ကြိမ် တောင်းဆိုခဲ့ပြီး ဖြစ်သည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ၁ ဦးသေ၊ ၂ ဦး ဒဏ်ရာရရှိ

ကဘူးလ် ဩဂုတ် ၉

ကဘူးလ်မြို့ အရှေ့ပိုင်း ဘတ်ရာမီခရိုင်တွင် ဩဂုတ် ၉ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားတစ်ဦးသေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကဘူးလ်မြို့ ရဲဌာနပြောရေးဆိုခွင့်ရှိသူ ဖားဒတ်စ်ဖာရာမာ့ဇ်က ပြောသည်။

အစိုးရအရာရှိတစ်ဦးကို တင်ဆောင်လာသည့် မော်တော်ယာဉ်ကို ဗုံးထိမှန်ခဲ့ခြင်းဖြစ်ပြီး အပျက်အစီးများမှာ များပြားသည်ဟုလည်း ဒေသခံရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ စုံစမ်းစစ်ဆေးရေးများပြုလုပ်နေပြီး မကြာမီသတင်းထုတ်ပြန်နိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုကမျှ ဝန်ခံပြောကြားခြင်းမရှိပေ။

သို့သော်လည်း မကြာသေးမီလများအတွင်း ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုများ၏ လက်သည်မှာ တာလီဘန်အုပ်စုဖြစ်သည်ဟု အာဖဂန်အရာရှိများက အပြစ်တင်ပြောဆိုကြသည်။

ဆင်ဟွာ

.................................

# မသန်စွမ်းအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ဂါနာအသင်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တွေ့ရှိ

တိုကျို ဩဂုတ် ၉

တိုကျိုမြို့နာရီတာ လေဆိပ်သို့ရောက်ရှိလာသော မသန်စွမ်းအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ဂါနာအသင်းသား တစ်ဦး၌ ကိုဗစ် –၁၉ ကူးစက်ခံထားရကြောင်း သိရသည်။ အဆိုပါအသင်းတွင် အားကစားသမား သုံးဦးနှင့် ဝန်ထမ်း ခုနစ်ဦးပါဝင်သည်ဟု သိရသည်။

အဆိုပါအသင်းသည် ဖူကူရှီးမားခရိုင်တွင် လေ့ကျင့်မှုပြုလုပ်ရန် ရည်ရွယ်ထားသည်။ ယခုအခါ ၎င်းကို ဩဂုတ် ၉ ရက်မှ ၂၂ ရက် အထိ သီးခြားခွဲထားမည်ဖြစ်ကြောင်း ဒေသခံမြို့မှ အမျိုးသားဝန်ထမ်း တစ်ဦးက ပြောသည်။ အခြားသောအဖွဲ့ဝင် ကိုးဦးတွင်မူ ကိုဗစ်–၁၉ ကူးစက်ခံထားရခြင်း မရှိပေ။

သို့သော်လည်း ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့မှုရှိသူများ ဖြစ်၍ ၎င်းတို့အားလုံးမှာ ဟိုတယ်အခန်း၌ပင် သီးသန့်နေထိုင်နေရဦးမည်ဖြစ်သည်။ ၎င်းတို့ကို နေ့စဉ် ပီစီအာစစ်ဆေးမှုပြုလုပ်သွားမည်ဟုလည်း သိရသည်။

အင်န်အိတ်ချ်ကေ

# ကယ်လီဖိုးနီးယားတောမီးကြောင့် လူ ရှစ်ဦး ပျောက်ဆုံး

ကယ်လီဖိုးနီးယား ဩဂုတ် ၉

ကယ်လီဖိုးနီးယား မြောက်ပိုင်းတွင် တောမီး အကြီးအကျယ်လောင်မှုကြောင့် လူ ရှစ်ဦး ပျောက်ဆုံးလျက်ရှိရာ ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်ဟု ကယ်လီဖိုးနီးယားအာဏာပိုင်များက ပြောသည်။ တောမီးကြောင့် မြို့နှစ်မြို့လည်း မီးလောင်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုတွင် အကြီးဆုံးတောမီးဖြစ်သည့် ဒစ်ဇီတောမီးမှာ ကယ်လီဖိုးနီးယားသမိုင်းတွင် ဒုတိယ အကြီးဆုံးတောမီး ဖြစ်လာသည်။




ကယ်လီဖိုးနီးယား တောမီးလောင်မှုကြောင့် ပျက်စီးနေမှုများကို တွေ့ရစဉ်။

ဩဂုတ် ၇ ရက်တွင်မူ တောမီးမှာ ဆက်လက် လောင်နေဆဲဖြစ်ပြီး အေးမြပြီး လေငြိမ်သည့်အတွက် မီးသတ်သမားများ အနားရကြောင်း အာဏာပိုင်များက ပြောသည်။

ထောင်ပေါင်းများစွာသော ဒေသခံများ ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းမှုပြုလုပ်ကြရန်လည်း အာဏာပိုင်များက တိုက်တွန်းထားသည်။

ယခုအခါ ဒစ်ဇီဟု အမည်ပေးထားသည့် တောမီးကို ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၅၀၀၀ ဖြင့် ကြိုးပမ်းလျက်ရှိသည်။ ဓာတ်အားလိုင်းပေါ် သစ်ပင်တစ်ပင် လဲကျခြင်းကြောင့် တောမီးအစပြုရခြင်းဖြစ်သည်ဟု ကနဦးစုံစမ်းမှုများအရ သိရသည်။

အေအက်ဖ်ပီ

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ် – ၁၉ ကာကွယ်ဆေး ၂ ဒသမ ၂ သန်း ထိုးနှံပေးပြီးဖြစ်

ဝယ်လင်တန် ဩဂုတ် ၉

နယူးဇီလန်နိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး အလုံးရေ ၂ ဒသမ ၂ သန်း ထိုးနှံပေးပြီးဖြစ်ကာ တစ်ကြိမ်ထိုးပြီးသူ ၁ ဒသမ ၃၈ သန်းရှိပြီး နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၈၂၀၀၀၀ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဩဂုတ် ၈ ရက်တွင် ကာကွယ်ဆေးအလုံးရေ ၂၀၂၀၉ ကို ထိုးပေးခဲ့ပြီး ပထမအကြိမ်ထိုးပြီးသူ ၁၅၆၁၀ နှင့် နှစ်ကြိမ်ထိုးပြီးသူ ၄၆၀၈ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရသိရသည်။ ဩဂုတ် ၉ ရက်တွင် နိုင်ငံရပ်ခြားမှ ပြန်လာသူနှစ်ဦးထံတွင် ကိုဗစ် – ၁၉ ကူးစက်မှုတွေ့ရှိရပြီး ပြည်တွင်းကူးစက်မှုမရှိဟု သိရသည်။

ပြည်ပမှ ပြန်လာသူနှစ်ဦးမှာ အီရတ်နိုင်ငံမှ ပြန်လာကြသူများဖြစ်ပြီး ၎င်းတို့ကို အသွားအလာစောင့်ကြည့်ကန့်သတ်ရေးစင်တာတွင် ထားရှိသည်ဟုသိရသည်။ ဩဂုတ် ၉ ရက်တွင် ပင်လယ်ပြင်တွင်ရပ်နားထားသည့် ရီယိုဒီလာပလက်တာ သင်္ဘောပေါ်တွင် သင်္ဘောသား ၂၁ ဦးအနက် ၁၁ ဦး ကိုဗစ် – ၁၉ ကူးစက်ခံထားရသည်ဟု သိရသည်။

နောက်ထပ်သင်္ဘောသားများကို ဆေးစစ်ချက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။ သင်္ဘောရှိ သင်္ဘောသားများအားလုံးတွင် ရောဂါလက္ခဏာများ မပြဟု သိရသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကူးစက်ခံရသူ ၁၀ ဦးမှာလည်း ပြန်လည်သက်သာရာရလာပြီဟု သိရသည်။

တစ်ပတ်တာကာလအတွင်း နယ်စပ်ဖြတ်ကျော်လာသူများကို ဆေးစစ်မှုပြုလုပ်ရာ ရောဂါကူးစက်ခံရသူနှစ်ဦးသာ တွေ့ရှိခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**



နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# အာရှ-ပစိဖိတ်နိုင်ငံများ၌ ကိုဗစ်-၁၉ ကပ်ရောဂါဖိစီးနှိပ်စက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရ

**ဟောင်ကောင် (တရုတ်)**

ဩဂုတ် ၉ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများနှင့် သေဆုံးသူအရေအတွက် များလာကြောင်း အတည်ပြုဖော်ပြမှုများနှင့်အတူ အာရှ-ပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အန္တရာယ်ကို အမြင့်ဆုံးသတိထားလျက်ရှိသည်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၅၄၉၉ ဦး အပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၁၉၆၉၉၅၄ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၄၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၂၈၃၀၉ ဦးအထိ ရောက်ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၀၂၁၈၈ ဦးအထိ ရောက်ရှိလာခဲ့သည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၇၀၉ ဦးရှိပြီး ၁၄၇၅ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နောက်ဆုံး သတင်းအချက်အလက်များကို အခြေခံ၍ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၈၆၇၄၀ ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ဖြင့် ဆက်စပ်သေဆုံးသူ ၁၀၈၅၇၁ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၄၄၉၅၉ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၁၂၉၆၆၁ ဦးအထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၆ ရက်အထိ လူပေါင်းအနည်းဆုံး ၂၄ ဒသမ ၂၁ သန်းကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၀ ဒသမ ၆၃ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် လူပေါင်း ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးပေးနေသည်ကို တွေ့ရစဉ်။

### မလေးရှား

မလေးရှားနိုင်ငံတွင် ဩဂုတ် ၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၂၃၆ ဦး ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၂၇၉၇၇၆ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၉ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၇၂၀၇ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၂၁၂ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၀၉၆၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၄၁၅၈၅ ဦး သို့မဟုတ် ၈၁ ဒသမ ၄ ရာခိုင်နှုန်းရှိလာပြီ ဖြစ်သည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၉၀၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၆၇၇၁၄ ဦးအထိ ရောက်ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ်ခြောက်ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၉၁၂၈ ဦး အထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၆ သန်း ရှိသည်။

နိုင်ငံအတွင်းရှိ အသက်အရွယ်အုပ်စုအားလုံးတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသောကြောင့် နောက်ထပ် ကိုဗစ်-၁၉ ဝေဒနာရှင်များအနေဖြင့် ဆေးရုံများ၏ ဂရုစိုက်စောင့်ရှောက်မှုကို ခံယူရန် ပိုမိုလိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားကတည်းက ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသည့် ဆေးဝန်ထမ်းပေါင်း ၂၂၀၀၀ နီးပါးရှိသည့်အနက် ၁၀၂ ဦးထက်မနည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

### ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ဩဂုတ် ၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၀၄၀ ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၇၁၆၂၀ အထိ ရှိလာခဲ့ပြီး စတုတ္ထလှိုင်းဂယက်ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၉၆၄၄၀၄ ဦးအထိ ရှိလာခဲ့သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၃၂၉၈ ဦးအထိရှိပြီး ၃၈၀၅ ဦးမှာ ရောဂါအခြေအနေ စိုးရိမ်ရသူများဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၅၃ ဦး ရှိလာပြီးနောက် စုစုပေါင်း သေဆုံးသူ ၂၃၉၁၈ ဦး ရှိလာခဲ့ကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၉၂ ဦး ရှိလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၂၄၄၈ ဦးအထိ ရောက်ရှိလာခဲ့သည်။ ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ဆိုးလ်မှ ၄၁၄ ဦး ဖြစ်ကာ ချုံဂျီပြည်နယ်မှ ၄၀၂ ဦးဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုသည် ယခုအခါတွင် လူနေစည်ကားသည့် မြို့ကြီးပြကြီးများတွင်သာမကဘဲ မြို့တော်မဟုတ်သည့် နေရာဒေသများတွင်ပါ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ မြို့တော်မဟုတ်သည့် နေရာဒေသများတွင် ကူးစက်ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူများမှာ ၅၇၄ ဦး သို့မဟုတ် ၃၉ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

ကိုဗစ်-၁၉ ကြောင့် လေးဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၂၁၂၅ ဦး အထိ ရောက်ရှိလာခဲ့သည်။

### ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၈ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၂၃၉၉ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၃ ဦး ရှိလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅၈၅ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၇၆၁၅၅ ဦး ရှိလာပြီဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က အရွယ်ရောက်ပြီးသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံပေးခဲ့ပြီး ဆယ်ကျော်သက်အရွယ် အသက် ၁၂ နှစ်မှ ၁၇ နှစ်ရှိသူများကို ဩဂုတ် ၁ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ နိုဝင်ဘာလမတိုင်မီ လူဦးရေ ၁၆ သန်း၏ ၇၅ ရာခိုင်နှုန်းသို့မဟုတ် လူ ၁၂ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားကြောင်း သိရသည်။ ။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ငါးသိန်းခွဲကျော်လွန်ရောက်ရှိ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၉**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၉၉ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၅၆၃၁၅၁ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၈၉၃ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၁၆၅၆၇၂ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးမှုတွင် ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စု ပြီးလျှင် ဒုတိယကမ္ဘာ့သေဆုံးမှု အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး ၁၅၂ ဒသမ ၁ သန်း တစ်ကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ပြီး ၄၅ ဒသမ ၃ သန်းမှာ အပြည့်အဝ ကာကွယ်ဆေး ထိုးနှံခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**



ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ကွယ်လွန်သွားသူကို အောက်မေ့ပြီး ဝမ်းနည်းငိုကြွေးနေသူတစ်ဦးကို တွေ့ရစဉ်။

# လက်ဘနွန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေချိန် ဆီးရီးယားဒုက္ခသည်များမှာ ပြည်သူများ၏ ဒေါသနှင့်ရင်ဆိုင်နေရ

◇◇◇◇◇◇◇◇◇◇◇◇◇ **ကေကေစိုး** ◇◇◇◇◇◇◇◇◇◇◇◇◇

**လက်ဘနွန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုက္ခသည်များကို အများဆုံးလက်ခံထားရာနေရာဖြစ်ပြီး လက်ဘနွန်နိုင်ငံသား ရှစ်ဦးလျှင် ဆီးရီးယားဒုက္ခသည် တစ်ဦးကျ နေထိုင်သည့်နေရာလည်းဖြစ်သည်။ လူမှုရေး၊နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများလည်း များစွာရှိခဲ့သည်။ လက်ရှိ ကိုဗစ် -၁၉ကပ်ရောဂါ အခြေအနေကြောင့် မူလရှိပြီးသားအခြေအနေများအတွက် လောင်စာသဖွယ်ဖြစ်လာခဲ့သည်။**



စပျစ်ခြံပိုင်ရှင် အလိုင်ယက် မစ်ဆတ်ကို ၎င်း၏ စိုက်ပျိုးရေးခြံအတွင်း တွေ့ရစဉ်။

### အသက်မွေးဝမ်းကျောင်းပြု

ဆူလေမန်ဟတ်ဆန်သည် လက်ဘနွန်နိုင်ငံတွင် နေထိုင်သည်မှာ ရှစ်နှစ် ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံအတွင်း ပဋိပက္ခများကြောင့် လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးလာခဲ့ပြီး အိမ်ဆောက်ကာ လယ်သမားတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ကိုဗစ်- ၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အခြားသော သူများကဲ့သို့ပင် ၎င်းလည်း ရုန်းကန်လာရသည်။ လက်ဘနွန်နိုင်ငံ၏ စီးပွားရေးကျဆင်းလာမှုနှင့် အတူ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းလာရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

### ငွေတန်ဖိုးကျဆင်း

လက်ဘနွန်နိုင်ငံသည် ပြီးခဲ့သည့် နှစ်နှစ်တာအတွင်း ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။ အစိုးရ၏ ကြွေးမြီများပြားလာမှုနှင့် နိုင်ငံခြားငွေမရှိခြင်းက နိုင်ငံကို စီးပွားရေးကပ်အတွင်းသို့ ကျရောက်စေခဲ့သည်။ လက်ဘနွန်နိုင်ငံ၏ ငွေကြေးမှာ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ၉၀ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့ရသည်။ ဓာတ်ဆီပြတ်တောက်မှု မကြာခဏ ဖြစ်ပေါ်သကဲ့သို့ ဆင်းရဲမွဲတေမှုနှုန်းမှာလည်း သုံးဆဖြစ်လာခဲ့ရသည်။ အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများမှာ လက်ဘနွန်နိုင်ငံတွင် မြင်တွေ့နေကျ မြင်ကွင်းဖြစ်လာခဲ့သည်။

### ဆီးရီးယားဒုက္ခသည်များကို ဒေါသထွက်

သို့သော်လည်း လက်ဘနွန်ပြည်သူအများစု၏ ဒေါသမှာ ဆီးရီးယားဒုက္ခသည်များ အပေါ်တွင်သာ တိုက်ရိုက်ကျရောက်လာသည်။ လက်ဘနွန်နိုင်ငံအတွင်း နေထိုင်နေကြသည့် ဆီးရီးယားဒုက္ခသည်များကြောင့် အခြေအနေများ ပိုမိုကျပ်တည်းလာသည်ဟု မြင်လာကြသည်။ ဒုက္ခသည်များသည် လုပ်ခလစာ နည်းနည်းကလေးဖြင့် အလုပ်များ ဝင်လုပ်ကြသဖြင့် ၎င်းတို့၏ အလုပ်အကိုင်နေရာများ ဆုံးရှုံးရသည်ဟု ဒေသခံများက ယူဆကြသည်။

### ရွေးချယ်စရာမရှိ

ဟတ်ဆန်အတွက် အခြေအနေများမှာ အဆိုးမှ ပိုမိုဆိုးရွားသည့်အခြေအနေသို့ ရောက်ရှိခဲ့သည်။ မေလအတွင်း ၎င်းတို့နေထိုင်သည့် ကျေးရွာတွင် အာဏာပိုင်များက ဆီးရီးယားဒုက္ခသည်များအတွက် ဝင်ငွေနိမ့်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။ ဆီးရီးယားဒုက္ခသည်များ ယခုရရှိသည့် ဝင်ငွေမှာ အမျိုးသားတစ်ဦးအတွက် တစ်နေ့လျှင် ဒေါ်လာ ၁ ဒသမ ၆ ဒေါ်လာဖြစ်ပြီး အမျိုးသမီးတစ်ဦးအတွက်မူ တစ်ဒေါ်လာသာဖြစ်သည်။ အခြားသော ဒေသသို့ သွားရောက်ကာ ဆီးရီးယားများ အလုပ်အကိုင်ရှာဖွေခြင်းကိုလည်း အာဏာပိုင်များက ပိတ်ပင်ထားသည်။ ကျေးရွာမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ မယ်ဟန်ဂဟတ်ဆန်ကမူ ၎င်းအတွက် ရွေးချယ်စရာမရှိဟု ပြောသည်။ လက်ဘနွန် လယ်သမားများကို အကာအကွယ်ပေးရန် ယခုလိုလုပ်ရန်သာ ရှိတော့ကြောင်း ၎င်းက ပြောသည်။

### ရောင်းအားထိုးကျ

လက်ဘနွန်လယ်သမားများမှာ စီးပွားရေးအခြေအနေများ ဆိုးရွားနေသည်ဟု ၎င်းက ဆက်ပြောသည်။ ဆီးရီးယားဒုက္ခသည်များမှာ ရေဖိုး၊ မီးဖိုး ပေးစရာမလိုကြဟု ၎င်းက ဆက်ပြောသည်။ လယ်သမားတစ်ဦးဖြစ်သည့် အလိုင်ယက် မစ်ဆတ်အတွက်မူ ယခုလိုပြုလုပ်ပေးခြင်းမှာ ကပ်ရောဂါ သက်ရောက်မှုမှ ပိုမို၍ သက်သာရာရစေသည်။ ၎င်းသည် စပျစ်သီးစိုက်ပျိုးသူဖြစ်ပြီး ၎င်း၏ သီးနှံများကို နိုင်ငံရပ်ခြားသို့ တင်ပို့ရောင်းချသည်။ ပင်လယ်ကွေ့ဒေသနိုင်ငံများသို့ ၎င်း၏ သီးနှံထွက်ကုန်များတင်ပို့သည်။ သို့သော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် နယ်စပ်များ ပိတ်ထားရပြီးနောက် ရောင်းအားမှာ ထိုးကျလာခဲ့သည်။

### အကြွေးနွံထဲနစ်

ပိုမိုဆိုးရွားသည့်ကိစ္စမှာ စိုက်ပျိုးရေးသုံး ဓာတုဗေဒပစ္စည်းများနှင့် ဓာတ်မြေဩဇာများမှာ ဆယ်ဆနီးပါး တက်သွားခဲ့သည်။ ယင်းသို့သော အခြေအနေဆိုးများကြောင့် ၎င်းမှာ အကြွေးနွံထဲ နစ်ခဲ့ရသည်။ ယခုအခါ အလုပ်သမားခများ လျှော့ချလိုက်သည့်အတွက် ၎င်း၏ ယာတောလုပ်ငန်း ဆက်လက်လုပ်ကိုင်နိုင်ရေးအထောက်အပံ့တစ်ခု ဖြစ်ခဲ့ရသည်ဟု ၎င်းက ပြောသည်။ ယခုကဲ့သို့သော အခြေအနေဆိုးမျိုး ယခင်ကလည်း မကြုံဖူးဘူးဟု ပြောသည်။ အကယ်၍အခြေအနေများဆက်လက်ဆိုးရွားနေပါက ၎င်း၏ ယာတောကို ရောင်းချရတော့မည်ဖြစ်သည်။

### လုံလောက်မှုမရှိ

ဆီးရီးယားဒုက္ခသည်များအတွက်မူ အခြေအနေမှာ အသက်ရှင်သန်မှုနှင့် သေဆုံးမှုကြား ကွဲပြားခြားနားမှုတစ်ခုပင်ဖြစ်သည်။ ဟတ်ဆန်၏ ဝင်ငွေမှာ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၎င်း၏ သမီးများကို စာသင်ကျောင်းသို့ပို့မည့် အစီအစဉ်ကိုလည်း လက်လျှော့လိုက်ရသည်။ ဝင်ငွေမသေချာမှုကြောင့် ဇနီးသည်အတွက် လိုအပ်သည့် ဆေးဝါးများလည်း ဝယ်ယူနိုင်တော့မည်မဟုတ်ဟု ၎င်းက ဆက်ပြောသည်။ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ပရဟိတအဖွဲ့များထံမှလည်း အကူအညီအနည်းငယ်သာရရှိသည့်အတွက် မိသားစုခြောက်ယောက်စာအတွက် လုံလောက်မှုမရှိဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ငွေရှာရဦးမည်

၎င်းတို့ မိသားစုမှာ သူများနိုင်ငံတွင် နေထိုင်ကြသည့်အတွက် အဆိုပါနိုင်ငံမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန်သာရှိတော့သည်ဟု ဟတ်ဆန်က ပြောသည်။ ကလေးများကို ကျွေးနိုင်ရေးအတွက် ငွေရှာရဦးမည်ဟု ၎င်းက ဆက်ပြောသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖိလစ်ပိုဂရန်ဒီကမူ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် ဆီးရီးယားဒုက္ခသည်များကို အကူအညီပေးရန်သာမက လက်ဘနွန်အစိုးရကိုပါ အကူအညီပေးနိုင်ရေး ဆောင်ရွက်သင့်သည်ဟု ပြောသည်။

### အကူအညီပေးသင့်

ကုလသမဂ္ဂ၏ တွက်ချက်မှုအရ လက်ဘနွန်နိုင်ငံတွင် နေထိုင်ကြသည့် ဆီးရီးယားဒုက္ခသည် ၉၀ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေသည့် အခြေအနေတွင် နေထိုင်နေရသည်ဟု ၎င်းက ပြောသည်။ လက်ဘနွန်လူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှာလည်း ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် အခြေအနေဆိုးမှ ရုန်းမထွက်နိုင်သေးသရွေ့ ဆီးရီးယားဒုက္ခသည်များကိုသာမက လက်ဘနွန်အသိုင်းအဝိုင်းကိုပါ အကူအညီပေးရန် အရေးကြီးသည်ဟု ၎င်းက ပြောသည်။ ဒုက္ခသည်များ လုံလုံခြုံခြုံနှင့် နေရပ်မပြန်နိုင်သေးသရွေ့ လက်ဘနွန်အသိုင်းအဝိုင်းကိုပါ အကူအညီပေးရန် လိုအပ်သည်ဟု ၎င်းက ဆက်ပြောသည်။

### စီးပွားရေးအပေါ်တည်မှီနေ

ကပ်ရောဂါ၏ လူမှုစီးပွားဘဝ အကျိုးသက်ရောက်မှုများမှာ ကျန်းမာရေးထက်ပင် ပိုမိုရှုပ်ထွေးသည့်ပြဿနာများဟု ၎င်းက ပြောသည်။ ရွှေ့ပြောင်းနေထိုင်နေရသည့်လူများအတွက် ယခုအခြေအနေမှာ နောက်ထပ်ရွှေ့ပြောင်းမှု ပြုလုပ်ရန် စီးပွားရေးအပေါ်တွင် တည်မှီနေသည်။ ကပ်ရောဂါကြောင့် လွန်ခဲ့သည့်နှစ်အတွင်း နယ်စပ်ဖြတ်ကျော်သွားလာမှုများ ရပ်တန့်နေသော်လည်း ဖိအားများကြောင့် ကမ္ဘာအနှံ့ရွှေ့ပြောင်းနေရသည့် လူအရေအတွက်မှာ ၈၂ ဒသမ ၄ သန်းအထိ ရှိနေဆဲဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

> ✻ **ကုလသမဂ္ဂ၏ တွက်ချက်မှုအရ လက်ဘနွန်နိုင်ငံတွင် နေထိုင်ကြသည့် ဆီးရီးယားဒုက္ခသည် ၉၀ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေသည့် အခြေအနေတွင် နေထိုင်နေရသည်ဟု ၎င်းက ပြောသည်။ လက်ဘနွန်လူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှာလည်း ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် အခြေအနေဆိုးမှ ရုန်းမထွက်နိုင်သေးသရွေ့ ဆီးရီးယားဒုက္ခသည်များကိုသာမက လက်ဘနွန်အသိုင်းအဝိုင်းကိုပါ အကူအညီ ပေးရန် အရေးကြီးသည်ဟု ၎င်းကပြော**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%)ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများ ထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာ အလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကို ပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

◆ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၉–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၂၁) ခု | (၁၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၈) ခု | (၂၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၀) ခု | (၁၃၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၅) ခု | (၄၃) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၅) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၃၇) ခု | (၅၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၈၉) ခု | (၆၀၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၈၂၆) ခု | (၂,၅၅၀) ဦး |
| **စုစုပေါင်း** | (၁၂,၁၉၁) ခု | (၃,၆၁၁) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေစနစ်တကျတပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါ တစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၉- ၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၅၄၃၉၂၄ | ၂၉၈၅၉၀၇၃ | ၆၃၃၁၂၀ |
| ၂။ | အိန္ဒိယ | ၃၁၉၇၆၇၈၅ | ၃၁၁၄၀၂၄၆ | ၄၂၈၅၀၄ |
| ၃။ | ဘရာဇီး | ၂၀၁၆၅၆၇၂ | ၁၈၉၀၇၂၄၃ | ၅၆၃၄၇၀ |
| ၄။ | ရုရှား | ၆၄၆၉၉၁၀ | ၅၇၆၉၉၈၁ | ၁၆၅၆၅၀ |
| ၅။ | ပြင်သစ် | ၆၃၀၅၁၅၈ | ၅၇၅၉၆၆၁ | ၁၁၂၂၂၀ |
| ၆။ | ဗြိတိန် | ၆၀၆၉၃၆၂ | ၄၆၄၂၁၉၈ | ၁၃၀၃၂၀ |
| ၇။ | တူရကီ | ၅၉၁၈၅၄၀ | ၅၅၀၄၃၅၅ | ၅၂၁၉၆ |
| ၈။ | အာဂျင်တီးနား | ၅၀၁၈၈၉၅ | ၄၆၆၉၇၆၁ | ၁၀၇၄၅၉ |
| ၉။ | ကိုလံဘီယာ | ၄၈၃၈၉၈၄ | ၄၆၄၉၄၅၃ | ၁၂၂၄၅၈ |
| ၁၀။ | စပိန် | ၄၅၈၈၁၃၂ | ၃၇၈၄၅၄၄ | ၈၂၀၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၉ – ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၆၈၆၇၄၀ | ၃၁၂၉၆၆၁ | ၁၀၈၅၇၁ |
| ဖိလစ်ပိုင် | ၁၆၆၇၇၁၄ | ၁၅၆၀၁၀၆ | ၂၉၁၂၈ |
| မလေးရှား | ၁၂၇၉၇၇၆ | ၁၀၄၁၅၈၅ | ၁၀၉၆၁ |
| ထိုင်း | ၇၇၆၁၀၈ | ၅၅၅၃၃၄ | ၆၃၅၃ |
| မြန်မာ | ၃၃၃၁၂၇ | ၂၄၉၆၃၃ | ၁၂၀၁၄ |
| ဗီယက်နမ် | ၂၁၅၅၆၀ | ၇၁၄၉၇ | ၃၃၉၇ |
| ကမ္ဘောဒီးယား | ၈၂၃၉၉ | ၇၆၁၅၅ | ၁၅၈၅ |
| စင်ကာပူ | ၆၅၈၁၆ | ၆၃၈၅၈ | ၄၂ |
| လာအို | ၈၅၆၁ | ၄၀၉၂ | ၈ |
| ဘရူနိုင်း | ၃၆၄ | ၂၉၄ | ၃ |

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွက် ပေးပို့လှူဒါန်းသည့် အောက်ဆီဂျင်အိုးအလုံး ၂၀၀ ကို လက်ခံပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား ဩဂုတ် ၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် မြစ်ကြီးနားမြို့ အခြေစိုက် ချန်းရှိုချင်းယန့် ကုမ္ပဏီလီမိတက်မှ လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုး အလုံး ၂၀၀ ပေးပို့လှူဒါန်းမှုအား လက်ခံရယူသည့် အခမ်းအနားကို ဩဂုတ် ၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါးဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းအတွက် အောက်ဆီဂျင်အိုးများ လှူဒါန်းလက်ခံရရှိမှုနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးသည် မိမိတို့ အစိုးရအဖွဲ့နှင့်အတူ ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်စွာ ကာကွယ် ထိန်းချုပ်နိုင်မည်ဖြစ်သည့်အတွက် ယခုလို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရာတွင် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အိုးများကို ပေးပို့လှူဒါန်းသည့် ပုဂ္ဂိုလ်များအား ပြည်နယ်သူ/ သားများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးတို့က မြစ်ကြီးနားအခြေစိုက် ချန်းရှိုချင်းယန့်ကုမ္ပဏီလီမိတက်မှ ပေးပို့လှူဒါန်းလာသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ကို လက်ခံရယူကြပြီး **(အပေါ်ပုံ)** မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ နယ်စပ်ရေးဝန်ကြီးဌာနမှ လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေး ထောက်ပံ့လှူဒါန်းလျက်ရှိရာ မြစ်ကြီးနားမြို့ ကျောင်းထိုင် ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းအတွက် ဆန် ၁၇ အိတ်၊ ကုလားပဲ ၃၅ ပိဿာ၊ စားသုံးဆီ ၁၇ ပိဿာ၊ သာသနဝ္ဇဝန်ဆောင် မြို့ဦးကျောင်းအတွက် ဆန် ၁၇ အိတ်၊ ကုလားပဲ ၃၈ ပိဿာ၊ စားသုံးဆီ ၁၉ ပိဿာနှင့် သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်အတွက် ဆန် ၁၇ အိတ်၊ ကုလားပဲ ၃၃ ပိဿာ၊ စားသုံးဆီ ၁၅ ပိဿာတို့အား ကျောင်းထိုင်ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်အတူ မြစ်ကြီးနားမြို့ အမှတ် (၁) တပ်မတော်ခုတင် (၃၀၀)ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်၊ မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာ ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တဦးဩဘာသထံ သွားရောက်ပြီး ကျန်းမာရေး အခြေအနေတိုးတက်မှုနှင့် ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် အခြေအနေတို့ကို မေးမြန်းလျှောက်ထားကြကာ ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)



## ချင်းပြည်နယ် ဟားခါးမြို့တွင်လည်း သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**ဟားခါး ဩဂုတ် ၉**

ချင်းပြည်နယ် ဟားခါးမြို့တွင် အသက် (၆၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီမှစ၍ ဟားခါးမြို့ မြို့တော်ခန်းမ၊ အထက (၁) ခန်းမ၊ အထက (၂)ခန်းမနှင့် ဟားခါးထာရ်ရပ်ကွက်တို့တွင် ဆေးထိုး စုရပ်လေးနေရာခွဲ၍ စတင်ထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေကို ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးနှံပေးသည့် အဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်အထူးကု ဆရာဝန်များ၊ ဆေးမှူးများနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်းထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ဟားခါးမြို့ရှိ အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဩဂုတ် ၉ ရက်မှစ၍ ၁၂ ရက်အထိ သတ်မှတ်သည့် ဆေးထိုးစုရပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ရခိုင်ပြည်နယ်၌ မုန်တိုင်းဒဏ်ခံ အဆောက်အဦ ၅၇ လုံး ဆောက်လုပ်ထား အဆောက်အဦများနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေး

**စစ်တွေ ဩဂုတ် ၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်းရှိ မုန်းတိုင်းဒဏ်ခံ အဆောက်အဦများနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် သဲချောင်း (ရခိုင်) ကျေးရွာရှိ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အဦအား သွားရောက်ကြည့်ရှုပြီး အဆောက်အဦအတွင်း လျှပ်စစ်မီး တပ်ဆင်ထားရှိမှု၊ ရေလိုင်းများ တပ်ဆင်ထားရှိမှုနှင့် လုံခြုံရေးကင်မရာများ တပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ပလ္လင်ပြင် ကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အဦနှင့် ခေါင်းဒုက္ကာ ကျေးရွာအုပ်စု အောင်ပင်လယ်၊ ဘောဒူဖကျေးရွာ၊ အခြေခံပညာ မူလတန်းလွန်ကျောင်း မုန်တိုင်းဒဏ်ခံ ဘက်စုံသုံး အဆောက်အဦတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ညဝတီရပ်ကွက်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ် ကြက်ခြေနီ သိုလှောင်ရုံ **(အောက်ပုံ)** နှင့် ဘောလုံးကွင်း ရပ်ကွက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနပိုင် သိုလှောင်ရုံသို့ သွားရောက်ပြီးကြည့်ရှု စစ်ဆေးကြသည်။

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်သည်နှင့် အညီ သဘာဝ ဘေးအန္တရာယ်များကို နှစ်စဉ် ကြုံတွေ့နေရသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဘေးအန္တရာယ်ဖြစ်ပွားလာပါက ပြည်သူများ ခိုလှုံနိုင်ရန်အတွက် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အဦ ၅၇ လုံး ဆောက်လုပ်ထားပြီး ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ ကြက်ခြေနီ သိုလှောင်ရုံအပြင် ခရိုင်မြို့ ငါးမြို့နယ်တွင် သိုလှောင်ရုံများထားရှိကာ မြို့နယ်ရုံးဖြစ်သည့် ပုဏ္ဏားကျွန်းမြို့နယ်ရုံး သိုလှောင်ရုံတွင်လည်း ကယ်ဆယ်ရေးပစ္စည်းများကို အသင့်ဖြည့်ဆည်း ဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**ရန်ကုန် ဩဂုတ် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မိုး/ဇလ

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစုရပ်များသို့ ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဩဂုတ် ၉**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဇလွန်ပြည်သူ့ဆေးရုံတွင် တာဝန် ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေး စကားပြောကြားခဲ့ပြီး အ.ထ.က (၁) ဇလွန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဟင်္သာတမြို့နယ် ဦးအောင်မြတ်ကျော်၏ ကုသိုလ်တော် ပိဋကတ်တိုက်၊ ပြည်လုံးချမ်းသာခန်းမတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ရေကြည်မြို့ ပရဟိတအဖွဲ့အစည်းမှ လှူဒါန်းသည့် တစ်ရက်လျှင် အောက်ဆီဂျင်ဆလင်ဒါ အလုံး ၁၆၀ ခန့် ထုတ်လုပ်နိုင်မည့် Oxygen Plant တည်ဆောက်လျက်ရှိသည့်နေရာသို့သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေး ဝန်ထမ်းများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး ဆေးရုံအုပ်ကြီးက ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို တင်ပြခဲ့ရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုမြင်ကွင်းများ



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်။ အာကာစိုး



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်။ ဝင်းကြိုင်




မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်။ ဝင်းအိဇွန်



ရခိုင်ပြည်နယ် မင်းပြားမြို့နယ်။ ခင်မောင်ထွန်း(ပြန်/ဆက်)



ကရင်ပြည်နယ် ကမမောင်မြို့။ လင်းသန့် (ပြန်/ဆက်)



ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်။ မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်။ ခင်လေး(ပြန်/ဆက်)

# များများစစ်၊ မြန်မြန်တွေ့၊ စောစောကုသမှုခံယူခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျှော့ချကြပါစို့

**ကိုဇေ**

**အခု ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ရဲ့ဗီဇပြောင်းမျိုးကွဲအသစ် ဒယ်လ်တာ (Delta) မျိုးကွဲဟာ ယခင်ဗိုင်းရပ်စ်မျိုးကွဲတွေဖြစ်တဲ့ အယ်လ်ဖာ/ဘီတာ (Alpha/Beta) တို့ထက် ကူးစက်မှု၊ ပြင်းထန်မှု၊ သေဆုံးမှုတွေ ပိုမြင့်နေတယ်လို့ လေ့လာချက်တွေအရ သိရှိရပါတယ်။ ၎င်းမျိုးကွဲဟာဆိုရင် ပုံတူမျိုးပွားနိုင်စွမ်း အလွန်မြန်တယ်။ ခန္ဓာကိုယ်ခုခံစွမ်းအားကို ကျော်လွှားသွားနိုင်တယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ ဒယ်လ်တာ မျိုးကွဲကို အလျင်မြန်ဆုံးနဲ့အကြံ့ခိုင်ဆုံး မျိုးကွဲ “fastest and fittest” variant လို့ဆိုပါတယ်။ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို အကောင်းဆုံးထိန်းချုပ်နိုင်ဖို့ကတော့ Mask တပ်ဆင်တာအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို လိုက်နာကြဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် မိမိမှာ ရောဂါပိုး ရှိ/မရှိ စောစောစစ်ဆေးဖို့လည်း လိုအပ်သလို အဲဒီလိုစောစောစစ်ဆေးမှသာလျှင်လည်း စောစောဆေးကုသမှုခံယူနိုင်မှာဖြစ်ပြီး ရောဂါပြင်းထန်စွာ ခံစားရခြင်း၊ အသက်ဆုံးရှုံးရခြင်းတွေကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။**

> ◆ ကာကွယ်ဆေး ထိုးထားသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါပိုး မိမိမှာ ကူးစက်ခံထားရခြင်း ရှိ/မရှိ ဆိုတာကို ဆောလျင်စွာ စစ်ဆေးဖို့ဟာ အင်မတန်အရေးကြီးပါတယ်
>
> ◆ မိမိကိုယ်မိမိ ကိုဗစ်-၁၉ ရောဂါ သံသယရှိပြီဆိုသည်နှင့် စစ်ဆေးမှုခံယူခြင်းဖြင့် ကုသရေးအဆင့်ကို အချိန်မလွန်ခင် ဆောင်ရွက်နိုင်မှာဖြစ်သလို ရောဂါပြင်းထန်စွာ ခံစားရခြင်းတွေကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်

**ဘယ်လိုလူတွေ ကိုဗစ်-၁၉ စစ်ဆေးသင့်သလဲ**

ဖျားနာခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယို/နှာပိတ်ခြင်း၊ အနံ့အရသာပျောက်ခြင်း၊ ဝမ်းလျှောခြင်း၊ သရိုးသရီဖြစ်ခြင်း စတဲ့ ကိုဗစ်-၁၉ ရောဂါလက္ခဏာတွေ စတင်ခံစားနေရပြီဆိုရင် ကိုဗစ်-၁၉ ရှိ/မရှိ ဆေးစစ်မှုကို ချက်ချင်း ဆောင်ရွက်သင့်ပါတယ်။ ကိုဗစ်-၁၉ အတည်ပြုလူနာ (သို့မဟုတ်) ကိုဗစ်-၁၉ ကူးစက်ခံထားရတယ်လို့ ယူဆရတဲ့ သံသယလူနာတွေနဲ့ ထိစပ်မိပြီဆိုရင်လည်း ကိုဗစ်-၁၉ ရှိ/မရှိ ဆေးစစ်မှုကို ချက်ချင်း ဆောင်ရွက်သင့်ပါတယ်။ ဆေးစစ်ဖို့စောင့်ဆိုင်း နေစဉ်ကာလမှာ လူစုလူဝေးသွားတာ ရှောင်ရှားသင့်ပြီး ဆေးစစ်မှုအဖြေက Negative မထွက်မချင်း အိမ်ထဲမှာ နေရင်တောင် Mask တပ်ထားသင့်ပါတယ်။ တကယ်လို့ ဆေးမစစ်ဖြစ်ရင်တော့ နေအိမ်မှာ မိမိဘာသာသီးသန့်ခွဲခြားနေထိုင်ခြင်း အနေနဲ့ ၁၄ ရက် အိမ်ထဲမှာ နေသင့်ပါတယ်။ ကာကွယ်ဆေး ထိုးထားသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါပိုး မိမိမှာ ကူးစက်ခံထားရခြင်း ရှိ/မရှိ ဆိုတာကိုဆောလျင်စွာစစ်ဆေးဖို့ဟာအင်မတန်အရေးကြီးပါတယ်။

**ဘာကြောင့် ဆောလျင်စွာ ဆေးစစ်မှုခံယူသင့်သလဲ**

မိမိကိုယ်မိမိ ကိုဗစ်-၁၉ ရောဂါ သံသယရှိပြီဆိုသည်နှင့် စစ်ဆေးမှုခံယူခြင်းဖြင့် ကုသရေးအဆင့်ကို အချိန်မလွန်ခင် ဆောင်ရွက်နိုင်မှာဖြစ်သလို ရောဂါပြင်းထန်စွာ ခံစားရခြင်းတွေကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကို အတည်ပြုနိုင်မှသာလျှင် ဒီဗိုင်းရပ်စ်ပိုးရဲ့ ပြန့်ပွားမှုကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ မိမိမှာ ကူးစက်ခံထားရသည့်တိုင် ရောဂါပြင်းထန်စွာ မခံစားရစေဦးတော့ မိမိကတစ်ဆင့် မိမိနဲ့အတူနေ မိသားစုများ၊ သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများကို ထပ်မံကူးစက်သွားနိုင်ပါတယ်။ အထူးသဖြင့် အဆိုပါ သက်ကြီးရွယ်အို မိဘဘိုးဘွားများ၊ နာတာရှည် ရောဂါအခံရှိသူများဟာ ရောဂါပိုး ကူးစက်ခြင်းဖြင့် ဆိုးရွားတဲ့ကျန်းမာရေး အကျိုးဆက်တွေအပြင် အသက်ဆုံးရှုံးရမှုများပါ ဖြစ်လာနိုင်တာဖြစ်တဲ့အတွက် မိမိကိုယ်တိုင်နဲ့ မိမိ ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက် ဆောလျင်စွာ ဆေးစစ်ဖို့ လိုအပ်ပါတယ်။

**ဘယ်နေရာတွေမှာ စစ်ဆေးမှုခံယူသင့်သလဲ**

နှာခေါင်းတို့ဖတ် နမူနာယူ စစ်ဆေးတယ် ဆိုပေမယ့်လည်း စစ်ဆေးသည့် နည်းစနစ်ကျနဖို့လိုပါတယ်။ နှာခေါင်းအတွင်းမှ နမူနာအရည်အကျိ အချွဲယူတဲ့အခါမှာ လုံလောက်တဲ့ပမာဏ မပါတဲ့ အခါပဲဖြစ်ဖြစ်၊ တခြားစစ်ဆေးတဲ့ အဆင့်တွေမှာ နည်းလမ်းမကျတာဘဲဖြစ်ဖြစ် မှန်ကန်တဲ့ရလဒ် မထွက်နိုင်ပါဘူး။ ဒါကြောင့်မို့ နီးစပ်ရာ ကိုဗစ်-၁၉ စစ်ဆေးရေး စင်တာတွေမှာ တတ်ကျွမ်းတဲ့ ကျန်းမာရေး ပညာရှင်တွေရဲ့ အကူအညီနဲ့ စနစ်တကျ ဆေးစစ်မှု ခံယူသင့်ပါတယ်။ မိမိနေအိမ်မှာပဲ Rapid Test Kit တွေနဲ့ စမ်းသပ်စစ်ဆေးတာဟာ ဆေးစစ်မှု ရလဒ်အဖြေကို အမြန်သိရပြီး ထိန်းချုပ်ကုသရေးကိုလည်း အမြန်ဆောင်ရွက်ခွင့် ရစေနိုင်တယ် ဆိုပေမယ့် ဆေးစစ်မှုရလဒ် တိကျမှု ရှိ/မရှိ ဆိုတာမှာတော့ အနည်းနဲ့အများ ကွာခြားချက်ရှိတာတွေ့ရပါတယ်။ ဒါကြောင့် ရောဂါရှိသူနဲ့ ထိစပ်မှု ရှိခဲ့ပြီး ရောဂါလက္ခဏာမပြသူတွေကော သံသယ လက္ခဏာ ခံစားနေရသူတွေပါ တိကျမှန်ကန်တဲ့ အဖြေကိုရရှိဖို့ဆိုရင် နီးစပ်ရာ ကိုဗစ်-၁၉ စစ်ဆေးရေး စင်တာတွေမှာ တတ်ကျွမ်းတဲ့ ကျန်းမာရေး ပညာရှင်တွေရဲ့ အကူအညီနဲ့ စနစ်တကျ ဆေးစစ်မှု ခံယူသင့်ပါတယ်။

**ရန်ကုန်မြို့မှာ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးပေးနေသည့်နေရာများ**

ရန်ကုန်မြို့မှာဆိုရင် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ မြန်မာနိုင်ငံ အမျိုးသားခေတ်ခွဲခန်းကနေပြီးတော့ ဗိုလ်ချုပ်လမ်း၊ သူနာပြုတက္ကသိုလ်မှာ Test Center ဖွင့်ထားပြီး စစ်ဆေးပေးနေတာရှိသလို ကျန်းမာရေးဦးစီးဌာနအနေနဲ့လည်း ဒဂုံမြို့သစ်မြောက်ပိုင်း မြို့ဦးစေတီဓမ္မာရုံနဲ့ ဒဂုံမြို့သစ်တောင်ပိုင်းမှာဆိုရင် အောင်မြင့်မိုရ် အိမ်ရာဓမ္မာရုံတို့မှာ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုတွေ ပြုလုပ်နေတယ်လို့ သိရှိရပါတယ်။ ဒ့ါအပြင် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဟာလည်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ဘုရားနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ သာသနာ့ဗိမာန်နဲ့ သန်လျင်မြို့နယ် သာသနာ့ဗိမာန်တို့မှာ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုတွေကို ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ အဆိုပါစစ်ဆေးမှု စင်တာများမှာ ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းတွေနဲ့ အခမဲ့စစ်ဆေးမှုများ ဆောင်ရွက်ပေးနေခြင်းဖြစ်တဲ့အတွက် သွားရောက်စစ်ဆေးခံကြဖို့ တိုက်တွန်းလိုပါတယ်။

သံသယရှိသူများအနေဖြင့် များများစစ်ဆေးခြင်း၊ ပိုးတွေ့သူများအား မြန်မြန်ခွဲထုတ်နိုင်ခြင်း၊ ဆောလျင်စွာ ကုသမှုခံယူကြခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်မည်ဖြစ်သလို ကူးစက်ခံထားရတဲ့လူနာများရဲ့ အသက်ပေါင်းများစွာကို ပိုမိုထိရောက်စွာ ကယ်တင်လာနိုင်မှာ ဖြစ်ပါတယ်။

Mask တပ်ခြင်း၊ ရောဂါကို ဆောလျင်စွာ စစ်ဆေးအတည်ပြုခြင်းနဲ့ ဆောလျင်စွာ ကုသမှုခံယူခြင်းတို့ဟာ ကိုဗစ်-၁၉ ရောဂါပိုး ပြန့်ပွားမှုကို အကောင်းဆုံးထိန်းချုပ်နိုင်တဲ့ မဟာဗျူဟာများပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိကစ ကာကွယ်ပါ၊ မိမိကစ စစ်ဆေးပါ၊ မိမိကစ ကုသမှုခံယူပါလို့ တိုက်တွန်းလိုက်ပါရစေ။

---

❑ *ကျောဖုံးမှ*

ကိုယ်စားပြုဆောင်ရွက်ခြင်းတို့ကြောင့် ၎င်းအား ၂၇-၂-၂၀၂၁ ရက်၊ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ပြီး၊ လက်ရှိတွင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုထားသည်။ ဦးကျော်မိုးထွန်းအား မြန်မာနိုင်ငံ ပြည်တွင်းတရားစီရင်ရေးဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သောကြောင့် ၎င်းအား လွှဲပြောင်းပေးရန် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၂-၇-၂၀၂၁ ရက်တွင် တောင်းဆိုထားပြီးဖြစ်သည်။ ဦးကျော်မိုးထွန်း အား အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရေးအတွက် ပြန်လည်လွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ယခုတိုင်ဆောင်ရွက်ပေးခြင်းမရှိသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်၏ ပြောဆိုချက်များသည် မြန်မာနိုင်ငံအပေါ် စွပ်စွဲပြစ်တင်သည့် သဘောထားဖြစ်ပြီး ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်တစ်ဦး လိုက်နာရမည့်အချက်များကို ချိုးဖောက်ကြောင်း တွေ့ရှိရသဖြင့် မြန်မာမှ ပြင်းထန်စွာ ကန့်ကွက်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ဥပဒေကြောင်းအရ အရေးယူရန်ရှိသည့် ဦးကျော်မိုးထွန်းအပေါ် ယခုကဲ့သို့ ရပ်တည်ထောက်ခံပေးနေခြင်းသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား စောင့်ထိန်းရမည့် ကျင့်ဝတ်ကိုလိုက်နာရန် သွေဖည်ခြင်းဖြစ်၍ ယင်းလုပ်ရပ်များကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာရှုတ်ချသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းထားပြီးဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက် စွက်ဖက်မှုမရှိဘဲ အပြန်အလှန်လေးစားမှုရှိရန် ဆိုသည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများကို လိုက်နာရန်လည်း တောင်းဆိုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်**

---

❖ *ကျောဖုံးမှ*

အင်တာမီလန်အသင်းသည် မာတီနက်ဇ်၏ ပြောင်းရွှေ့ကြေးနှင့် ပတ်သက်ပြီး စပါးအသင်းနှင့် သဘောတူညီမှုရရှိထားသည်ဆိုသည့် ကောလာဟလများကို ငြင်းဆိုထားသည်။ အင်တာမီလန်အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသင်းဘဏ္ဍာရေးထိခိုက်မှုများစွာနှင့် ကြုံတွေ့နေရသည့် အသင်းဖြစ်သည်။ ထို့အပြင် စပါးအသင်းကလည်း အဆိုပါ တိုက်စစ်ကစားသမားကို ခေါ်ယူရန် စိတ်အားထက်သန်နေသည့်အတွက် အပြောင်းအရွှေ့ဖြစ်မြောက်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။

စပါးအသင်းအနေဖြင့် တိုက်စစ်ကစားသမား မာတီနက်ဇ်ကို ခေါ်ယူနိုင်ခဲ့မည်ဆိုပါက အသင်းမှ တိုက်စစ် ကစားသမားဖြစ်သူ ဟယ်ရီကိန်း မန်စီးတီးအသင်းသို့ ရောင်းချဖွယ်ရှိနေသည်။ မန်စီးတီး အသင်းနည်းပြ ဂွါဒီယိုလာကလည်း ဟယ်ရီကိန်းကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အတည်ပြု ပြောကြားထားသည့်အတွက် စောင့်ကြည့်ရမည်ဖြစ်သည်။

အင်တာမီလန်အသင်းသည် အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမားဖြစ်သူ လူကာကူသည်လည်း ပေါင် ၉၇ ဒသမ ၅ သန်းဖြင့် ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

**အောင်ဇော်**

# ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၂၀၂ ဦး မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဆက်လက်ဝင်ရောက်



မြဝတီ ဩဂုတ် ၉

ထိုင်းနိုင်ငံ၌ ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ဆက်လက်ဝင်ရောက်သူ ယနေ့တွင် ၂၀၂ ဦးရှိကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများကို အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး ဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူ မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ချက်ချင်းစစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာ၌ ကုသမှုခံယူစေမည်ဖြစ်ပြီး ရောဂါပိုးမရှိသူများအား ကျောက်လုံးကြီး အသွားအလာကန့်သတ်သည့် စခန်းတွင် ၁၀ ရက် ထားမည်ဖြစ်သည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်အား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ကာ ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၂၀၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၂၀၂ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၈-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ဗေဒ္ဒသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နိုတိ 'အငွေ့'
**၁၃:၀၀** အတွေးအမြင်(အပိုင်း-၄)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်'
**၁၆:၃၅** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၄၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၁၈)

**mitv**

07:01 News
07:27 Ma Lay Lat Khat Than (Mya Thinn Chal)
07:33 Traditional Thatch Roof - Thet Nge
07:47 Safari World
08:01 Myanmar's Beauty and Nature "Beach"
08:27 Ecotourism: Naga Tradition Customs
08:46 Gemstone Sculptor
09:01 Aye Aye Soe: Myanma Pioneer Female Bodybuilder
09:14 The Recycle Art: Tyre
09:30 Dances of Myanmar "Muun Traditional Dance"
09:35 Star Bean Production
09:54 Orphanage
10:52 Yangon Markets: Nyaung Pin Lay Market
11:19 Beach Food Delivery

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဆေးဖက်ဝင်တမာပင်
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ဖြူမျိုးနွယ်စုများနေထိုင်ရာ တောင်တန်းဒေသ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့ဂေါ်ရန်ကို (အပိုင်း-၃)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချိုအိမ်မွှေးတဲ့ကောက်ညှင်းကျည်တောက်
**ချင်း(လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ ရေးမယ်၊ ဒို့ချင်းစာ (အပိုင်း-၃၄)
**ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှင်သန်နေသောဘဝများ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
နော်ဘူဘောဆုတောင်းတောင်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၄)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းမုန့်တီချက်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ရိုးရာထမင်းထုပ်နည်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်ကြီးများသို့ အလှူငွေနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲများ ဆက်ကပ်

မော်လမြိုင် ဩဂုတ် ၉

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးတို့သည် ဩဂုတ် ၈ ရက်က မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် အလှူတော်ငွေများ၊ ဆန် ၆၅ အိတ်၊ ဆီ ၆၅ ပိဿာ၊ ပဲ ပိဿာ ၁၄၀ တို့ကို ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား ကြည်ညိုနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ကော့လှာစာသင်တိုက်တွင် ဆန် ၁၅ အိတ်၊ ဆီ ၁၀ ပိဿာ၊ပဲ ၁၀ ပိဿာကို လည်းကောင်း၊ အလားတူ ကျိုက်မရောမြို့နယ် ထားဝယ်ကျောင်းတိုက် ဆရာတော်ကြီးထံ သွားရောက်ကြပြီး ဆန် ခုနစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ ပဲ ၁၅ ပိဿာနှင့် ဝါဆိုသင်္ကန်း၊ အလှူငွေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်ကြီးများရှိ ဝါဆိုသံဃာတော်များ၊ စာသင်သားများအတွက် ကိုဗစ်-၁၉ ကာလအတွင်း ဆွမ်းဝေယျာဝစ္စ အခက်အခဲမရှိစေရေးအတွက် ငွေကျပ် ၁၁၇ သိန်း တန်ဖိုးရှိ ဆန် ၃၂၉ အိတ်၊ ဆီ ၂၇၅ ပိဿာနှင့် ပဲ ၅၄၅ ပိဿာတို့ကို မော်လမြိုင်မြို့၊ သထုံမြို့၊ ကျိုက်မရောမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်ကြီး ကိုးတိုက်တို့ကို ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်(တံတားကျိုး)လမ်းရှိ တံတားများကို ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၈ ရက်က ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး) လမ်းရှိ တံတားများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇူလိုင်၂၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် အရှည် ၂၄ ပေရှိ သရက်တောသစ်သားတံတားပျက်စီးမှုအခြေအနေနှင့် ယင်းနေရာတွင် တံတားအထူးအဖွဲ့(၁၄)မှ အရှည် ပေ ၉၀ ရှိဘေလီတံတား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)** အဆိုပါ ဘေလီတံတားတည်ဆောက်မှုမှာ ဩဂုတ်၁၀ရက်တွင် ပြီးစီးမည်ဖြစ်ပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ပြန်လည်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပတချောင်းကူးတံတား အရှည်ပေ ၃၀၀ တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ ပေါင်ကျေးရွာအနီးရှိ အရှည်ပေ ၉၀ တံတားတည်ဆောက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်နှင့် တံတားအထူးအဖွဲ့(၁၄)မှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ရေကြီးရေလျှံ မှုများကြောင့် လမ်းပခုံးများ ပျက်စီးသည့်နေရာများကို အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ရန် မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြီးအုံကြီးဝတမံအခြေအနေအား သွားရောက်ကြည့်ရှု



မကွေး ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၈ ရက်က ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝရေလှောင်တမံသို့ သွားရောက်စစ်ဆေးသည်။ **(ယာပုံ)**

ဝန်ကြီးချုပ်နှင့် အဖွဲ့အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက ဆည်အတွင်း လက်ရှိ ရေဝင်ရောက်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေနှင့် ရေကြီးရေလျှံမှုဖြစ်ပွားပါက ဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ရေဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ဖြစ်ပေါ်လာပါက ဆောင်ရွက်သင့်သည်များကို လျင်မြန်စွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားသည်။



ကြီးအုံကြီးဝတမံ၏ အခြေအနေမှာ လက်ရှိ မိုးရေချိန်ဖြင့် ရေကြီးရေလျှံမှု မဖြစ်နိုင်သေးကြောင်း၊ တမံကြံ့ခိုင်မှုမှာ ကောင်းမွန်ကြောင်း၊ ကြီးအုံကြီးဝတမံရေပြည့်အမှတ်မှာ ပေ ၃၄၀ ရှိပြီး ယနေ့အချိန်အထိ ၀ ဒသမ ၄ ပေသာ ကျော်လွန်ကြောင်း၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့်အတန်း သတ်မှတ်ချက်အရ အဆင့် ၁ အစိမ်းရောင် အဆင့်ပင်ရှိကြောင်း၊ အစိမ်းရောင်အဆင့်တွင် ပင်မရေပိုလွှဲမှ ရေကျော်အမြင့်ပေ ၀ ဒသမ ၁ ပေမှ ၂၇ ဒသမ ၆၆ ပေရှိကာ ယခုလက်ရှိတွင် ပင်မရေပိုလွှဲမှ ပေ ၂ ဒသမ ၇၀ သာ စီးဆင်းနေကြောင်း ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းထွန်းက ရှင်းလင်းပြောကြားသည်။

ကြီးအုံကြီးဝ တမံသည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ရာ ဩဂုတ် ၇ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ၀ ဒသမ ၄ ပေခန့် ရေကျော်ကျမှုရှိသဖြင့် ပြည်သူများအတွက် စိုးရိမ်စရာ အခြေအနေမရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး စီမံချက်အရ အရေးပေါ်အခြေအနေသတ်မှတ်၍ တမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေကို ပြည်သူများ သိရှိနိုင်ရန် အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မောင်ညီညာ (မကွေး)**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသရေးတွင် အသုံးပြုရန် အလှူငွေများ လှူဒါန်း

**မိုင်းယု ဩဂုတ် ၉** – ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၈ ရက်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲတွင် မိုင်းဖြတ်မြို့ နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီ မိုင်းယောင်း-မိုင်းယု ၂၄ နာရီ မီးလင်းရေးလုပ်ငန်းအဖွဲ့မှ ငွေကျပ် နှစ်သိန်း၊ ဟယ်လိုမွန်းမြန်မာကုမ္ပဏီမှ ဦးစိုင်းညဏ်လင်းထွန်းက ငွေကျပ် နှစ်သိန်း၊ မိုင်းယောင်းမြို့နယ်မှ ဦးစိုင်းထွန်း (မိသားစု)က ငွေကျပ် နှစ်သိန်း စုစုပေါင်းငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ပြည့်ဖြိုးက လက်ခံယူသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

## ရေကြည်မြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကာကွယ်ဆေးများ ထိုးနှံပေး

**ရေကြည် ဩဂုတ် ၉**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်က ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ မှာကြားချက်များအရ မြို့နယ်အတွင်းရှိ ဆေးဆိုင်များ နေ့စဉ် ဖွင့်လှစ်မှု ရှိမရှိ၊ ကိုဗစ်ရောဂါနှင့် ပတ်သက်သည့် အခြေခံဆေးဝါးများ လုံလောက်မှု ရှိမရှိ၊ သောက်သုံးရန်မသင့်သည့် ဆေးဝါးများ ရောင်းချခြင်း ရှိမရှိ စစ်ဆေးခြင်းနှင့်အသက်၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ဒေသခံပြည်သူများအား စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်၊ ကိုယ်ပူချိန်နှင့် ကျန်းမာရေးအခြေအနေစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်းမာရေး အခြေအနေကောင်းမွန်သူများကိုသာ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကံညွန့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေသူကျော်၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိနှင့် အဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ပူးပေါင်းရေးအဖွဲ့သည် မြို့သူမြို့သားများ အထူးလိုအပ်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ပြီးစီးမှု အခြေအနေအား ကြည့်ရှုပြီး မြို့အဝင်ဆိုင်းဘုတ်များ သန့်ရှင်းသာယာလှပစေရေး အတွက်လည်း မြို့အဝင် ဆိုင်းဘုတ်ကို LED ဆိုင်းဘုတ်ပြုလုပ်နိုင်ရေးအတွက် ကြည့်ရှုကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေး အလှူရှင်များက လှူဒါန်းလျက်ရှိ

**ရန်ကုန် ဩဂုတ် ၉**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် မာလာရာမကွက်သစ်ကျောင်းတိုက်အတွင်း တည်ဆောက်မည့် စိန်ရတနာ နာရေးကူညီမှုအသင်း၏ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိသည်။

အင်းစိန်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအတွက် ဩဂုတ် ၈ ရက်က မြမန်းမေခေါက်ဆွဲဆိုင်မှ အလှူငွေကျပ်သုံးသိန်း၊ ဦးတင်မောင်လင်း-ဒေါ်သူသူမောင်မောင်ညွန့်မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ကွယ်လွန်သူ(ဦးသက်ညို)အား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းခွဲ၊ ဒေါ်မြင့်မြင့်ဝေက အလှူငွေကျပ်တစ်သိန်းနှင့် အလှူရှင်များက အသီးသီးလှူဒါန်းလျက်ရှိရာ စိန်ရတနာနာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းအောက်ဆီဂျင်စက်ရုံတွင် တစ်နာရီလျှင် လီတာ ၄၀ ဆံ့အိုးကြီး ၁၀ လုံးခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုးကြီး အလုံး၂၀၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဟု မျှော်လင့်ထားကာ ကုန်ကျစရိတ်အနေဖြင့် ငွေကျပ်သိန်း ၁၆၀၀ ခန့် ကျသင့်မည်ဖြစ်ရာ အလှူရှင်များ လှူဒါန်းလိုပါက အင်းစိန်မြို့နယ် စိန်ရတနာနာရေးကူညီမှုအသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ယခုအချိန်အထိ အလှူငွေမှာ ၈၀ ရာခိုင်နှုန်းခန့် ရရှိနေပြီဖြစ်ကြောင်း စိန်ရတနာနာရေးကူညီမှုအသင်း(အင်းစိန်) ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးထံမှ သိရသည်။

အင်းစိန်မြို့နယ် စိန်ရတနာနာရေးကူညီမှုအသင်းအနေဖြင့် ပုံမှန်လူမှုကူညီရေးလုပ်ငန်းများနှင့်အတူ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မူဆယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နေရာဖြန့်ထိုးနှံပေး

**မူဆယ် ဩဂုတ် ၉**
မူဆယ်မြို့နယ်၌ အသက် ၆၅ နှစ်နှင့် အထက် ဘိုးဘွားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဘာသာရေးဆရာများကို ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးရက်မြောက်အဖြစ် ထိုးနှံရာတွင် မူဆယ်မြို့၌ လေးနေရာစု၍လည်းကောင်း၊ မုံးကိုးမြို့၌ တစ်နေ့တည်း ဘုရားကျောင်းတွင်လည်းကောင်း၊ မန့်ဟီးရိုးမြို့၌ ပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ ပန်ဆိုင်း(ကြူကုတ်) မြို့၌ ပြည်သူ့ဆေးရုံတွင်လည်းကောင်း ထိုးနှံကြသည်။ ထိုသို့ထိုးနှံရာတွင် ပြည်သူများ၊ ရဟန်း သံဃာတော်များကို ဩဂုတ် ၈ ရက်အထိ ၉၀၂ ဦး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ဒလမြို့နယ်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရေး ရေပိုက်လိုင်းများ သွယ်တန်း

ရန်ကုန် ဩဂုတ် ၉
**ဒလမြို့နယ်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ရေပို့ပိုက်လိုင်းအသစ်များ သွယ်တန်းလျက်ရှိရာ ရေသွယ်ပိုက်ပေပေါင်း ၁၆၄၇၈ ပေ သွယ်တန်းပြီးစီးနေပြီဖြစ်သည်။**

ရေပို့ပိုက်လိုင်းများကို တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာ ရေပေးဝေရေးစခန်း အဝင်လမ်းထိပ်မှ စတင်သွယ်တန်းခဲ့ရာ ယခုအခါ ဒလမြို့နယ် ဗညားဒလရပ်ကွက် အမှတ်တရ ဗိုလ်ချုပ်ပန်းခြံရှေ့သို့ ရောက်ရှိနေပြီဖြစ်သည်။ ယခုသွယ်တန်းလျက်ရှိသည့် ရေပိုက်လိုင်းများမှာ အချင်းနှစ်ပေရှိ ရေပိုက်လိုင်းများဖြစ်ကြောင်း သိရသည်။ အဆိုပါ ရေပိုက်လိုင်းကို ကနောင်လမ်းမကြီးဘေး ရာဇသင်္ကြန်ရပ်ကွက် ရာဇသင်္ကြန်ဘုရားကြီးအနီးရှိ ရေနှင့် သန့်ရှင်းမှုဌာနလျာထားရေပေးဝေရေးစခန်းအထိ သွယ်တန်းမည်ဖြစ်ပြီး စုစုပေါင်းရေပိုက်လိုင်းအရှည်ပေ ၄၁၅၆၉ ပေရှိကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်သည် နှစ်စဉ်နွေရာသီသို့ ရောက်တိုင်း သောက်သုံးရေရှားပါးမှုနှင့် တွေ့ကြုံရသည့် မြို့နယ်တစ်မြို့နယ်ဖြစ်ကာ ဒေသနေပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ဒလမြို့နယ်နှင့် ကိုးမိုင်ဝေးကွာသည့် တွံတေးမြို့နယ် ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းတွင် အဝီစိတွင်း ၁၆ တွင်းမှ မြေအောက်ရေအားထုတ်ယူ၍ ရေဂါလန်တစ်သိန်းဆံ့ မြေအောက် ရေသိုလှောင်ကန်နှစ်လုံးအတွင်း သိုလှောင်၍ ရေတွန်းစက်များဖြင့် ဒလမြို့နယ်သို့ တစ်ရက်လျှင် ရေဂါလန်တစ်သန်း ပေးပို့လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အခုသွယ်တန်းနေတဲ့ ရေပိုက်က မြို့နယ်ရေပေးဝေရေးရုံးရယ်၊ ရာဇသင်္ကြန်ရပ်ကွက်မှာရှိတဲ့ ဌာနပိုင် ရေပေးဝေရေးနေရာအထိ သွယ်တန်းမယ်။ ရာဇသင်္ကြန်ရပ်ကွက် ဌာနပိုင်မြေမှာ ရေပေးဝေနိုင်ဖို့ ရေလှောင်ကန်တွေ၊ ရေတွန်းစက်တွေ တပ်ဆင်ပြီး အဲဒီဘက်ကရပ်ကွက်တွေကို ရေဖြန့်မယ်။ လက်ရှိဒလမြို့နယ်ကို ရေပို့လွှတ်နေတဲ့ ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းမှာလည်း အဝီစိတွင်းတွေ ထပ်တူးပြီး အဆင့်မြှင့်တင်မှုတွေလုပ်မယ်၊ ဘုရားကြီးစုကျေးရွာက တွံတေးတူးမြောင်းရေကို အသုံးပြုပြီး တည်ဆောက်မယ့် ရေသန့်စက်ရုံစီမံကိန်း ပြီးသွားရင် မြို့နယ်နေပြည်သူတွေအတွက် သောက်သုံးရေ ဖူလုံလာမှာပါ"ဟု ဒလမြို့နယ် ရေပေးဝေရေးရုံးမှ တာဝန်ခံ ဦးတိုးတိုးအောင်က ပြောသည်။

ယခင်က ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းမှ ထွက်ရှိ သိုလှောင်ရေများကို ဒလမြို့နယ်ရေပေးဝေရေးရုံးမှတစ်ဆင့် ရေသွယ်ယူသည့် အိမ်များအား တိုက်ရိုက်စနစ်ဖြင့် ပေးပို့ခဲ့သော်လည်း ယခုအခါ သန့်စင်ပြီးရေများ ပေးပို့နိုင်ရေးအတွက် ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းတွင် ရေသန့်စင်စက်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။



ဒလမြို့နယ်တွင် အိမ်ခြေပေါင်း၂၁၈၅၉ အိမ်ရှိပြီး မြို့ပေါ် ၂၄ ရပ်ကွက် အိမ်ခြေ ၄၅၆၂ အိမ်သည် ရေသွယ်ယူ သုံးစွဲလျက်ရှိကြောင်း၊ ရေသွယ်ယူထားသည့် ရပ်ကွက်များရှိ အိမ်များကို တစ်ရက်ခြားဖြင့် အချိန်ပိုင်း ရေပေးဝေလျက်ရှိသည်။ ရေပိုက်လိုင်းသွယ်တန်းထားခြင်းမရှိသော ရပ်ကွက်များတွင် ပြည်သူများ ရေသုံးစွဲနိုင်ရေးအတွက်လည်း ရေဂါလန် ၁၂၀၀ ဆံ့ အုတ်ကန်၊ ကွန်ကရစ်ကျောက်တို့ဖြင့် နေရာ ၃၄ နေရာအား တစ်ရက်ခြား ရေပေးဝေလျက်ရှိကြောင်း သိရသည်။

သို့သော် ဒလမြို့နယ်နေ ပြည်သူများအတွက် သောက်သုံးရေလိုအပ်ချက်ရှိနေဆဲဖြစ်ပြီး တစ်ရက်လျှင် သောက်သုံးရေ လိုအပ်ချက်မှာ ရေဂါလန်ခြောက်သန်းဖြစ်၍ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် တွံတေးမြို့နယ် ပိတ်ဆွယ်ကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာတွင် တွံတေးတူးမြောင်းမှ ရေများအား သန့်စင်ထုတ်လုပ်ပေးနိုင်မည့် တစ်ရက်လျှင် သုံးရေဂါလန် ၃ ဒသမ ၃ သန်းနှင့် သောက်ရေဂါလန် ဝ ဒသမ ဝ၆၆ သန်း ပေးဝေနိုင်မည့် ရေသန့်စက်ရုံ စီမံကိန်းအား တည်ဆောက်ရန် လျာထားလျက်ရှိကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ပြီးစီးနိုင်ရန် လျာထားကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင်လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆက်မပြတ် တင်သွင်းလျက်ရှိ



မူဆယ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင် သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



မြဝတီကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင် သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၄၂၄၂ ခုနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ Oxygen Concentrator ၁၉၉ ခု အပါအဝင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်သုံးစီးဖြင့် ၅၉ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) တန် ၂၀၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) နှစ်တန်၊ အောက်ဆီဂျင်(အိုးခွံ) ၅၄၂၂ ခု၊ Oxygen Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၅၃၄၁ ခု၊ PPE ဝတ်စုံ ၂၄၃၆၀ နှင့် နှာခေါင်းစည်း (Mask) ၈၉ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၂၉ ခုမှ ယာဉ်စီးရေ ၅၇ စီးဖြင့် တင်သွင်းလာခြင်း ဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၅၃၈ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၅၁၆ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၀၉တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၆၅ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၆၂၁၂ ခု၊ Oxygen Plant ခုနစ်ခု၊ အောက်ဆီဂျင် (Generator) ကိုးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၅၁၂၇၅ ခု၊ Test Kit ၁၄၁၆၄၂ ခု၊ PPE ၃၀၅၂၉၂ စုံ၊ လက်အိတ်တန် ၄၀ နှင့် နှာခေါင်းစည်း (Mask) ၇၂၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၀၄၉၁ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ထိန်းချုပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်း၊ နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူ အဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေး ကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတောင်းမြို့ ဆေးရုံသို့ အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**မိုးနဲ ဩဂုတ် ၉**


ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ပြည်သူ့ဆေးရုံတွင် အသုံးပြုရန် လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး ငါးအိုးနှင့် ဆက်စပ်ပစ္စည်းများကို ကျိုင်းတောင်းမြို့နေ အလှူရှင်များစုပေါင်း၍ လင်းခေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ချိတ်ဆက်ဝယ်ယူ လှူဒါန်းပေးသည်။

ထိုသို့လှူဒါန်းရာတွင် ကျိုင်းတောင်းမြို့နေ စိုင်းလျှန်းခေး (လျှန်းဟိန်း သောက်ရေသန့်) မိသားစုနှင့် စိုင်းနော်ခေးခမ်းမိသားစုက လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုးတစ်လုံးစီနှင့် ဆက်စပ်ပစ္စည်းများ၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်မှ လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး ငါးလုံးတို့ကို စုပေါင်းလှူဒါန်းပေးခြင်းဖြစ်ပြီး ယနေ့တွင် ကျိုင်းတောင်းဆေးရုံသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။


**မျိုးညွန့်ရွှေ (မိုးနဲ)**

## ခေတ်ပေါ် မြန်မာကဗျာ အရွေ့ကို ဦးဆောင်ခဲ့သူ ကဗျာဆရာ အောင်ချိမ့်


(၁၉၄၈ - ၂၀၂၁)



မြန်မာစာပေလောက၌ အတွေးအခေါ် ဆန်းသစ်မှုများ၊ ရိုးရှင်းသောစကားလုံးများဖြင့် မော်ဒန်ကဗျာများစွာ ရေးဖွဲ့ခဲ့သူ ခေတ်ပေါ် မြန်မာကဗျာဆရာ အောင်ချိမ့် ကို ၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။




မော်ဒန်ကဗျာအကြောင်း ပြောရမည်ဆိုလျှင် ဆရာအောင်ချိမ့် ကို ချန်လှပ်၍ရမည်မဟုတ်ပေ။ မော်ဒန်ကဗျာနှစ်သက်သူ လူငယ်များအတွက် ဦးဆောင်လမ်းပြသူတစ်ဦးဟု ဆိုရမည်ဖြစ်သည်။




ကဗျာဆရာ အောင်ချိမ့်သည် သုခမိန်လှိုင်၊ မောင်ချောနွယ်၊ ဖော်ဝေး အပါအဝင် အခြားသော ကဗျာဆရာများနှင့်အတူ ခေတ်ပေါ် မြန်မာကဗျာ အရွေ့ကို ဦးဆောင်ခဲ့သူတစ်ဦး ဖြစ်သည်။ ခေတ်ပေါ်ကဗျာများရှင်သန်ရေး ကြိုးစားနေသူများတွင် ထင်ရှားသော ကဗျာဆရာတစ်ဦးလည်း ဖြစ်ခဲ့သည်။

အောင်ချိမ့်၊ မောင်ချောနွယ်၊ ဖော်ဝေး တို့သုံးဦး ရေးသားခဲ့သော သစ်ရွက်အသေများပေါ်က ရက်စက်သောဂီတမှာ အထူးထင်ရှားသော ကဗျာစာအုပ်ဖြစ်သည်။ ကဗျာဆရာ အောင်ချိမ့်၏ ထင်ရှားသော ကဗျာအချို့မှာ ခင်ခင်ပျိုရေ စောင့်ခဲ့တယ်၊ အသည်းစွဲ ကဗျာဆရာ စသည်တို့ ဖြစ်ကြသည်။

ကဗျာဆရာ အောင်ချိမ့်သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ ည ၈ နာရီ၊ ၁၂ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် အသက် ၇၃ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

**ဓာတ်ပုံ- Ko Aung Kyi Soe**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းယန်းမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၃၄၈၅ ဦးကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၃၉၇ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၃ မြို့နယ်တို့မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၃၆၇၈ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၁၁၄ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၀၉၇ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၁၀ တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၈၇၇၅ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများအတွက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် လေးမျက်နှာမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၈ လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ Oxygen Concentrator စက် ၁၀ လုံး၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေကျပ်သိန်း ၂၀ တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နှင့် ပန်းတောင်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၅၁ လုံးနှင့် Oxygen Concentrator 5L တစ်လုံးတို့ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြောင်းပုလဲမြို့သစ်၌ အောက်ဆီဂျင်စက်ရုံ မြေနေရာနှင့် တည်ဆောက်နေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)ရှိ Oxygen Tank Station လည်ပတ်နိုင်မှုနှင့် Oxygen Plant မှ အောက်ဆီဂျင်အိုး ဖြည့်သွင်းနေမှု၊ လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆုတောင်းပြည့်ဓမ္မာရုံ၌ Oxygen Plant တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နှင့် ပုသိမ်မြို့တို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုများကိုလည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ပြည်သူ့ဆေးရုံ၌ တပ်ဆင်ထုတ်လုပ်မည့် Oxygen Plant ဆက်စပ်ပစ္စည်းများ နယ်မြေခံတပ်သို့တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိမှုနှင့် အဆိုပါဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၀၀ ရောက်ရှိမှုတို့ကိုလည်းကောင်း (ဓာတ်ပုံ)၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သံမဏိစက်ရုံ(ပြင်ဦးလွင်)ရှိ Oxygen Plant စက်ရုံမှ အောက်ဆီဂျင်ဖြန့်ဝေပေးမှုများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၈၆ ဦးနှင့် အမျိုးသမီး ၁၉၃ ဦး စုစုပေါင်း ၃၇၉ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး၊ စုစုပေါင်း ခြောက်ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၉၇ ဦးနှင့် အမျိုးသမီး ၂၃၄ ဦး စုစုပေါင်း ၅၃၁ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၀၀ နှင့် အမျိုးသမီး ၆၂ ဦး စုစုပေါင်း ၁၆၂ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သန်လျင်တပ်နယ်မှ အသစ်တည်ဆောက်ပြီးစီးခဲ့သော အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်နှင့် အောက်ဆီဂျင်တင်လှည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တပ်မတော်က လိုအပ်သောထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိရာ သန်လျင်တပ်နယ် (သီလဝါ)တွင် အသစ်တည်ဆောက်ပြီးစီးခဲ့သော တပ်မတော်(ရေ) အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် အောက်ဆီဂျင်များကို သန်လျင်တပ်နယ်ရှိ တပ်မတော်ဆေးရုံ၊ အရပ်ဘက်ဆေးရုံများ၊ ပရဟိတလူမှုရေးကူညီမှုအသင်းများသို့ လိုအပ်သော အောက်ဆီဂျင်များကိုလည်းကောင်း၊ အောက်ဆီဂျင်အိုးများ သယ်ယူရာတွင် လွယ်ကူစေရန်အတွက် တပ်မတော်(ရေ)မှပြုလုပ်သော အောက်ဆီဂျင်အိုးတင်လှည်းများကို တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးသို့လည်းကောင်း၊ တပ်မတော်ဆေးရုံ(ခုတင်-၁၀၀) သို့လည်းကောင်း ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကောလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် မြို့အတွင်းရှိ ဈေးများအားလုံး ယာယီပိတ်သိမ်းမည်

**ကောလင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများပြားနေသဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကောလင်းမြို့အတွင်းရှိ ဈေးအားလုံး ယာယီပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ကောလင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများပြားနေသဖြင့် ပြည်သူလူထုများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ကောလင်းမြို့အတွင်း ဆိုင်ကယ်၊ သုံးဘီးဖြင့် လှည့်ရောင်းသော ဈေးသည်များမပါဝင်ဘဲ ကောလင်းမြို့အတွင်းရှိ မြို့မဈေး၊ သီရိရတနာဈေး၊ အရှေ့ဈေးနှင့် ထိုင်ရောင်းဈေးသည်များအားလုံး ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တတစ်ပတ် ယာယီပိတ်သိမ်းမည်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီမှ သိရသည်။

ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၁၂၀၊ ရောဂါပျောက်ကင်းသူ ၈၃ ဦးနှင့် ကုသဆဲ ၃၆ ဦး၊ သေဆုံးသူ ၆၂ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနက သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အောက်ဆီဂျင်လိုအပ်သည့်လူနာများ အသုံးပြုနိုင်စေရေး အောက်ဆီဂျင် ၄၀ လီတာ ဘူး ၂၀ နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၉**

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အောက်ဆီဂျင်လိုအပ်သည့် လူနာများ အသုံးပြုနိုင်စေရန် အောက်ဆီဂျင် ၄၀ လီတာ ဘူး ၂၀ နှင့် အလှူငွေများကို ယမန်နေ့က ပေးအပ်လှူဒါန်းကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၍ မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများ အောက်ဆီဂျင်လိုအပ်လာပါက အသုံးပြုနိုင်စေရန်အတွက် ဒေသခံပြည်သူ စေတနာရှင်များက အောက်ဆီဂျင်ဘူးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (မိတ္ထီလာ)မှ အောက်ဆီဂျင် ၄၀ လီတာ ဘူး၂၀ ကို မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းသည်။ ထို့ပြင် မိတ္ထီလာမြို့ ရဟန်းရှင်လူပြည်သူ မြို့သူမြို့သားများနှင့် ဦးဆောင်စေတနာရှင်များက မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် အသုံးပြုနိုင်စေရန် ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းမှ ပရဟိတအသင်းများနှင့် လူမှုကူညီရေးအသင်းများသို့ အိမ်သုံးအောက်ဆီဂျင်စက် အလုံး ၁၅၀ လှူဒါန်း

**မန္တလေး ဩဂုတ် ၉**

မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းမှ ပရဟိတအသင်းများ၊ လူမှုကူညီရေး အသင်းများကို တစ်လုံးလျှင် ၉၆၀၀၀၀ တန် အိမ်သုံးအောက်ဆီဂျင်စက် အလုံး ၁၅၀ လှူဒါန်းခြင်းကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းမှ ဥက္ကဋ္ဌ ဦးတင်ထွန်းက အမှာစကားနှင့် လှူဒါန်းရခြင်း ရည်ရွယ်ချက်များ ပြောကြားကာ ပရဟိတအသင်းများ၊ လူမှုကူညီရေးအသင်းများ ကိုယ်စား နန္ဒာ လူငယ်လူမှုကယ်ဆယ်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုးလှိုင်မင်းနှင့် အယ်လိဟာဒီစင်တာ တည်ထောင်သူ နှလုံးရောဂါအထူးကု ငြိမ်း ဒေါက်တာ ခင်မောင်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ယူနန်ဘုံကျောင်းမှ တာဝန်ရှိသူများက ပရဟိတအသင်းများ၊ လူမှုကူညီရေးအသင်းများမှ တာဝန်ရှိသူများထံ အိမ်သုံးအောက်ဆီဂျင်စက်များ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။



အဆိုပါ လှူဒါန်းပွဲသို့ မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းမှ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ လူမှုကူညီရေး အသင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း၊ မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်း အနေဖြင့် အထက်မြန်မာပြည်ရှိ ဆေးရုံများ၊ ပရဟိတအသင်းများနှင့် ဘုန်းကြီးကျောင်းများကို ဇူလိုင် ၂၅ ရက်က အိမ်သုံးအောက်ဆီဂျင်စက် အလုံး ၄၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

# မုဒုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကာကွယ်ရေးသုံးပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်း

**မုဒုံ ဩဂုတ် ၉**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ လူမှုကူညီရေးအသင်းများထံသို့ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မုဒုံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ မြို့နယ်အတွင်းရှိ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ ခုနစ်ဖွဲ့ထံသို့ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ PPE အစုံ ၃၀၀၊ မျက်နှာအကာ ၃၁၀၊ နှာခေါင်းစည်း ၁၄၅ ထုပ်၊ Hand Gel ၂၉ ဘူး၊ Hand Sanitzer ၁၀ ဘူး၊ ပိုးသတ်ဆေးတစ်ပုံးနှင့် Surgical Gown ၂၄ စုံတို့ကို လွှဲပြောင်းပေးအပ်သည်။

အလားတူ မုဒုံမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြု လူနာများအတွက် အောက်ဆီဂျင် အရေးပေါ်လိုအပ်လာပါက အခက်အခဲမရှိ အဆင်ပြေစွာ ကျန်းမာရေး စောင့်ရှောက်၊ ကုသပေးနိုင်ရန် ဩဂုတ် ၈ ရက်က မုဒုံမြို့နယ်ပြည်သူ့ဆေးရုံသို့ မုဒုံမြို့နေ စေတနာရှင်၊ အလှူရှင်များက အိမ်သုံး အောက်ဆီဂျင်စက်တစ်လုံးနှင့် အောက်ဆီဂျင် လီတာ ၄၀ ဆလင်ဒါအိုး ခြောက်လုံးကို လည်းကောင်း၊ ကမာဝက်မြို့ တိုက်နယ်ဆေးရုံသို့ အိမ်သုံးအောက်ဆီဂျင်စက်ငါးလုံးကို လည်းကောင်း လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်နှင့် ရောဂါကူးစက်မှုလျော့ကျနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဇော်ထံမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**


# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၉**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဇမ္ဗူမြိုင်ကျောင်းတိုက်ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနန္ဒိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃) ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ (၉-၈-၂၀၂၁)၊ တနင်္လာနေ့၊ နံနက်(၀၁၃၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

**နိုင်ငံတော်ဩဝါဒါစရိယ**
**ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၆)ရပ်ကွက်၊**
**ဇမ္ဗူမြိုင်ကျောင်းတိုက်**
**ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒိယ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း**

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စု၊ ထားဝယ်အံရွာတွင် ခမည်းတော် ဦးဘမောင်၊ မယ်တော် ဒေါ်ရွှေကဲငွေတို့မှ ၁၂၉၁- ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၄-ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ဘားအံမြို့နယ်၊ ဈေးမသွယ်ရွာကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် ဘားအံမြို့နယ်၊ ဈေးမသွယ်ရွာကျောင်း ခဏ္ဍသိမ်၌ ခလောက်နို့ရွာ၊ အုန်းတပင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဘားအံမြို့၊ ဓမ္မပိယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇာတ၊ မော်လမြိုင်မြို့၊ နတ်မော်ကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယ၊ စာချဆရာတော် ဘဒ္ဒန္တကေသရ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရား ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စရံသီ၊ မန္တလေးမြို့၊ ရွှေရေးဆောင်တိုက်၊ ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တဝဇီရာဗုဒ္ဓိ စသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ကရင်ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့ခြင်း၊ စာပေများ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းနှင့် နိုင်ငံတော် ဩဝါဒါစရိယ စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၅၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ၊ ၁၃၆၅ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃) ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ (၉-၈-၂၀၂၁)၊ တနင်္လာနေ့၊ နံနက်(၀၁၃၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# ကောလင်းမြို့၌ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်နှင့် နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နေသူများအား အစွန်းရောက်အကြမ်းဖက်သမားများက လက်ပစ်ဗုံးများ၊ ဗုံးပစ်လောင်ချာများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဩဂုတ် ၉

**အစွန်းရောက် အကြမ်းဖက်သမား များအနေဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် ကပ်ရောဂါဖြစ်ပွားနေမှုအပေါ် မျက်ကွယ်ပြု၍ ရောဂါထိန်းချုပ်နိုင်ရေး ကူညီဆောင်ရွက်လျက်ရှိသည့် နေရာများကိုပါ ဦးတည်တိုက်ခိုက်မှုများအား ရက်စက်ယုတ်မာစွာ ပြုလုပ်လာသည်ကို တွေ့ရှိရသည်။**

ထိုသို့ အကြမ်းဖက်မှုများ ဆောင်ရွက်ခဲ့ရာတွင် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့အဝင်၌ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် ဖွင့်လှစ်ထားသည့် စစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်းအဖွဲ့များမှ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နံနက် ၉ နာရီ မိနစ် ၄၀ တွင် အဆိုပါ ဂိတ်အနီး အစွန်း ရောက် အကြမ်းဖက်သမားများ ကြိုတင်ထောင်ထားသည့် Remote မိုင်း နှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တစ်ချိန်တည်းမှာပင် အစွန်းရောက်အကြမ်းဖက်သမားလေးဦး (စိစစ်ဆဲ)တို့က စစ်ဆေးရေးဂိတ်၏ အနောက်ဘက် ကိုက် ၁၅၀ ခန့်အကွာမှ ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ခဲ့သည်။

ထိုကဲ့သို့ Remote မိုင်း ဖောက်ခွဲကာ ဗုံးပစ်လောင်ချာဖြင့် ချောင်းမြောင်းပစ်ခတ်မှုကြောင့် အဆိုပါ စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦး နောက်ကျောပေါက် ဒဏ်ရာ၊ နားရွက် ယမ်းစထိမှန်ဒဏ်ရာများ (စိုးရိမ်ရ)နှင့် ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် စည်ပင်သာယာ ဝန်ထမ်းတစ်ဦးတို့၏ ဦးခေါင်း၊ နဖူး၊ မျက်ခုံး၊ ပေါင်၊ ခြေထောက်နှင့် တင်ပါးဆုံတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေးကောလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသစဉ် နံနက် ၁၀ နာရီတွင် ရဲတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးသွားခဲ့သည်။



မိုင်းပေါက်ကွဲမှု ဖြစ်ပွားသည့် ကောလင်းမြို့အဝင် စစ်ဆေးရေးဂိတ်နှင့် နမ့်ခမ်းမြို့၌ လက်လုပ်မိုင်း ပေါက်ကွဲသည့်နေရာ။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အမှတ်(၅)ရပ်ကွက် ကျားဖြူခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သူနှစ်ဦးက မော်တော်ဆိုင်ကယ် တစ်စီးဖြင့် လာရောက်၍ လက်လုပ်မိုင်း တစ်လုံးဖြင့် လာရောက်ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိဘဲ ကွန်ကရစ်အခင်း ငါးလက်မ ပတ်လည်ခန့် ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အကြမ်းဖက်ဗုံးဖောက်ခွဲသူများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ် အကြမ်းဖက်သမား၏ သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ ကူညီကြပါရန် မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေ စစ်ဆေး

ဖြူး ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံကို မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေလှောင်တမံ ခံနိုင်ရည်ရှိစေရန် ဆောင်ရွက်သွားရမည့် အခြေအနေများကို ယနေ့နံနက်ပိုင်းက ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံကို ၁၉၉၈ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ဆည်ရေသောက်ဧရိယာ ဧက ၁၀၀၀ ရေပေးဝေနိုင်ပြီး ပင်မတမံ အလျားပေ ၈၀၀၊ ရေဆင်း ဧရိယာ ၃ ဒသမ ၆၃ စတုရန်းမိုင်၊ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၇၆ ဒသမ ၈၅လက်မ၊ ကန်ရေသေ ရေလှောင်ပမာဏ ၅၃၀ဧကေ ပေ၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ၁၂၆၅၀ ဧကေပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၂၃၈၀ ဧကေပေ၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာအမှတ်ထက် ခုနစ်လက်မကျော်ရှိရာ စိုးရိမ်မှုအခြေအနေ မရှိကြောင်း သိရသည်။

အဆိုပါ ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံကို ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးရာတွင် ရေဆင်းဧရိယာနှင့် ရေပိုလွှဲနိုင်မှုအခြေအနေ၊ မိုးရွာသွန်းမှုနှင့် မိုးရေချိန်လက်မ အခြေအနေ၊ တမံအတွင်း ရေဝင်ရောက်မှု ပမာဏအထက်ကျော်လွန်မှု အခြေအနေများကို စစ်ဆေးခဲ့ရာ ဖြူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ငမြွေရေလှောင်တမံ၏ အခြေအနေများကို ရှင်းလင်းပေးပြီး စိုးရိမ်ဖွယ်အခြေအနေရှိလာပါက ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နေမျိုးလွင်(ဖြူးပြန်/ဆက်)

## ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၁စီး၊ သွင်းကုန် ၂၄စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၈စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၈၂ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Bed Sheet (အိပ်ရာခင်း) (70 U) နှင့် Easy Chair (204 U) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဝေါမြို့နယ်၌ ငွေကျပ် ၅၀၀ ပျောက်ဆုံးသည့် ကိစ္စနှင့် ပတ်သက်၍ စကားများရာမှ လူသတ်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ဝေါမြို့နယ် ဧကရာဇ်ကျေးရွာအနီး ချောင်းအတွင်း၌ ဩဂုတ် ၇ ရက် ည ၁၀ နာရီခွဲက အမျိုးသား တစ်ဦး ရေနစ် သေဆုံးနေကြောင်း သတင်းအရ ဝေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ ဝင်းထွန်း(၂၈ နှစ်) ဆိုသူဖြစ်ပြီး ချောင်းအတွင်း သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အလောင်းကို ဝေါမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ရာ ယင်းနေ့ ည ၆ နာရီတွင် ဝင်းထွန်းသည် တစ်ရွာတည်းနေ အောင်မင်း (၂၈နှစ်)နှင့် အတူ အဆိုပါ ကျေးရွာအနီး မဲအင်ချောင်းရိုးဘေး၌ ငါးရှာနေစဉ် ဝင်းထွန်း၏ ငွေကျပ် ၅၀၀ ပျောက်ဆုံးသည့် ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်စဉ် အောင်မင်းက ဝင်းထွန်းအား ချောင်းအတွင်းသို့ တွန်းချခဲ့သဖြင့် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် အောင်မင်းအား ဝေါမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## လှိုင်းဘွဲ့မြို့နယ်၌ အရက်အတူသောက်စားရာမှ စကားများရန်ဖြစ်ပြီး လူသတ်မှုဖြစ်၊ အမျိုးသားတစ်ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၉

ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ၌ ဩဂုတ် ၇ ရက် ည ၉ နာရီ မိနစ် ၅၀ က အမျိုးသား တစ်ဦး ဓား ဒဏ်ရာများဖြင့် ရောက်ရှိနေကြောင်း သတင်းအရ ထီလုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဂျုံပြင်စခန်းကျေးရွာနေ ကျော်ကျော်(၄၀နှစ်)ဖြစ်ပြီး ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ ဖြစ်စဉ်ကိုစစ်ဆေးရာ ကျော်ကျော်နှင့် ဘားအံမြို့နယ် ရွှေဖားစည် အိမ်ရာ(၂)နေ သက်ပိုင်(၃၈နှစ်)တို့ နှစ်ဦးသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ရေဘုတ်ဆည်အနီးရှိ ဦးညီညီထွန်း ပိုင်ဆိုင်သည့် ရော်ဘာခြံ၌ အရက်သေစာအတူ သောက်စားရာမှ စကားများရန်ဖြစ်စဉ် သက်ပိုင်က ကျော်ကျော်အား အရိုးအသွား ၈ လက်မခန့်ရှိ ဓားဖြင့်ထိုး၍ ဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် သက်ပိုင်အား ထီလုံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## မိုးမိတ်မြို့နယ်၌ ရွှေကျင်လုပ်ကွက်ဟောင်းအတွင်း မြေစာပိ၍ အမျိုးသားတစ်ဦးသေဆုံး

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ဝဲပေါင်းကျေးရွာအနီး ကိုးတန်ချောင်း ရွှေကျင်လုပ်ကွက်ဟောင်းအတွင်း၌ ဩဂုတ် ၇ရက် နံနက် ၁၀ နာရီက မြေစာများပိ၍ အမျိုးသား တစ်ဦး သေဆုံးနေကြောင်း သတင်းအရ မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ ဦးကျော်ဆင့် (၅၀နှစ်)ဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ မိုးမိတ်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်း သေဆုံးမှုအား မိုးမိတ်မြို့မရဲစခန်းမှ သေမှုသေခင်း အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ ပုဂံလမ်းမကြီး၊ အမှတ်(၃၈၈)တွင်နေထိုင်သည့် ကျွန်မ ဒေါ်သန်းသန်းမြင့် ၁၂/ဥကမ(နိုင်)၁၀၇၃၅၄၏ သမီးဖြစ်သူ မခိုင်သဥ္ဇာမျိုး ၁၂/ဥကမ(နိုင်)၁၉၃၀၉၀ သည် မိခင်နှင့်ညီအစ်ကိုမောင်နှမများဆိုဆုံးမသည်ကိုမနာခံဘဲ ၎င်းသဘောဆန္ဒအရ အိမ်မှ ထွက်ခွာသွားပါသည်။ ယနေ့မှစ၍ မခိုင်သဥ္ဇာမျိုးအား အမွေခံသမီးအဖြစ်မှ အပြီးတိုင် စွန့်လွှတ်ကြောင်းနှင့်နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ မှန်သမျှကို မိသားစုဝင်များမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်သန်းသန်းမြင့်
၁၂/ဥကမ(နိုင်)၁၀၇၃၅၄
ရန်ကုန်တိုင်းဒေသကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊
ရွှေပေါက်ကံမြို့သစ်

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ (၈)လမ်း၊ အိမ်အမှတ်(၇/၃)တွင် နေထိုင်သူ ဒေါ်သဲစုလှိုင်(ဘ)ဦးဇော်မင်းအောင်၊ ၉/ပမန(နိုင်)၁၅၈၉၃၄ နှင့် ဒေါ်လှိုင်စပယ်အောင်(ဘ)ဦးဇော်မင်းအောင်၊ ၉/ပမန(နိုင်)၁၈၃၆၂၅ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သဲစုလှိုင် နှင့် ဒေါ်လှိုင်စပယ်အောင်တို့၏ဖခင် ဦးဇော်မင်းအောင်၊ ၉/ပမန(နိုင်)၀၅၅၀၇၉ သည် (၂၄-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဖခင် ဦးဇော်မင်းအောင် မှ ၎င်းနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများထံ ပေးအပ်ကူညီထားသည့် ငွေသားများ၊ ဘဏ်အသီးသီးတွင် အပ်နှံထားသည့်ငွေသားများနှင့်တကွ အိမ်တွင်းပစ္စည်းများအားလုံးတို့သည် ဖခင်ကွယ်လွန်သည့်အခါ သမီးများဖြစ်သည့် ဒေါ်သဲစုလှိုင် နှင့် ဒေါ်လှိုင်စပယ်အောင်တို့ကသာ အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ကွယ်လွန်သူ ဖခင် ဦးဇော်မင်းအောင်တွင် ဒေါ်သဲစုလှိုင်နှင့် ဒေါ်လှိုင်စပယ်အောင်တို့မှလွဲ၍ အခြားသော အမွေစားအမွေခံ ဇနီး/သားသမီး လုံးဝမရှိပါ။

သို့ဖြစ်ပါ၍ ဖခင်ဦးဇော်မင်းအောင် (ကွယ်လွန်) ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့အား ဒေါ်သဲစုလှိုင်နှင့် ဒေါ်လှိုင်စပယ်အောင်တို့က ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်အပြင် ဦးဇော်မင်းအောင် မကွယ်လွန်မီအချိန်က လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် အစိုးရရုံးဌာနအသီးသီးတွင် ဆောင်ရွက်နေသည့် လုပ်ငန်းကိစ္စရပ်များအပါအဝင် ကျန်သီးခြားပြင်ပလုပ်ငန်းကိစ္စအရပ်ရပ်များကိုလည်း သမီးများဖြစ်သည့် ဒေါ်သဲစုလှိုင်နှင့် ဒေါ်လှိုင်စပယ်အောင်တို့ကသာ ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသူမြင့် LLB , LL.M.,**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၆၆၉/၂၀၁၆)**
**အိမ်အမှတ် (၁၄/၆၂၈)၊ (၄)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း- ၀၉ ၄၃၁၀ ၉၀၆၁**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါသတ္တုများအား ဒေသအလိုက်၊ Lot အလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါ ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန် (မက်ထရစ်တန်) | (F.O.B) | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|---|
| ၁ | ခဲမဖြူသတ္တုစင်(ERT) | ၃၉.၄၁၃၅ | သန်လျင် | ၉-၉-၂၀၂၁ရက် (၁၃:၀၀)နာရီ |
| ၂ | ခဲမဖြူသတ္တုစင်(PRT) | ၆၀.၁၀၃၀ | | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ လက်အောက်ရှိ ကျန်းမာရေးဌာနများတွင် သားဖွားဆရာမ(လစာနှုန်းကျပ်၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၁၀၀၀) နေရာ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သော ဘက်စုံသားဖွား (၁၈)လသင်တန်း (သို့မဟုတ်) ဘက်စုံသားဖွား ဒီပလိုမာ (၂)နှစ်သင်တန်းဆင်းအောင်လက်မှတ် ရရှိပြီးသူဖြစ်ရမည်၊
(ဂ) လျှောက်လွှာပိတ်သည့် (၃၁-၈-၂၀၂၁)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ရာထူးမှထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊
(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊
(စ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဆ) နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် မပျက်မကွက်(မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ပူးတွဲပေးပို့ရမည် -
(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်**ဓာတ်ပုံ (၂)ပုံ၊**
(ခ) သားဖွားအောင်လက်မှတ်**(မိတ္တူမှန်)၊**
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား**(မိတ္တူ)၊**
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြစ်မှုကင်းရှင်းကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာ**(မူရင်း)၊**
(င) သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ**(မူရင်း)**
(စ) သားဖွားသင်တန်း တက်ရောက်ရာတွင် ရွေးချယ်ခံရမှု**(ပုံမှန်/အထူး)**
အထူးရွေးချယ်တက်ရောက်ခဲ့ပါက **(မိခင် ကလေး/နယ်စပ်အထူး/ကျန်းမာရေးဝန်ထမ်း)**
စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန်၊

၄။ ပြည့်စုံစွာဖြည့်စွက်ထားသော လျှောက်လွှာအား လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက် **(၃၁-၈-၂၀၂၁) ရက်နေ့** နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

**(သတ်မှတ်ချက်နှင့်မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)**

၅။ အသေးစိတ် သိရှိလိုသည်များရှိပါက စီမံခန့်ခွဲရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၁၀၇၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သားဖွားဆရာမ ရာထူး လျှောက်လွှာပုံစံ

ဓာတ်ပုံ

အမည် - ------------------------------------
မွေးသက္ကရာဇ်၊ အသက် - ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ------------------------------------
မိဘအမည် - ------------------------------------
နေရပ်လိပ်စာအပြည့်အစုံ - ------------------------------------
------------------------------------
အောင်မြင်သည့် ခုနှစ်၊ လ၊ ရက် - ------------------------------------
အောင်မြင်သည့် ခုံအမှတ် - ------------------------------------
အောင်မြင်သည့် သင်တန်းကျောင်း - ------------------------------------
သားဖွားသင်တန်းတက်ရောက်ရန် - ------------------------------------
ရွေးချယ်ခံရမှု [ပုံမှန်/အထူး(မိခင်ကလေး/နယ်စပ်အထူး/ကျန်းမာရေးဝန်ထမ်း)]
ဦးစားပေး လျှောက်ထားသည့် - (၁) ------------------------------------
တိုင်းဒေသကြီး/ပြည်နယ် (၂) ------------------------------------
(၃) ------------------------------------

အထက်ဖော်ပြပါ အဆိုပြုနေရာများသို့ မရရှိပါကလည်း မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

လက်မှတ် ----------------------
အမည် ----------------------
ဖုန်းနံပါတ် ----------------------

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ( )ရက်



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## Prof: ဒေါက်တာ ဖလော့ရင့်(စ်)မောင်မောင်
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း ၊ အမှတ် ၃၈နေ (ဦးမောင်မောင်ကြီး-ဒေါ်ဒေါ်ကျော့)တို့ ၏ သမီးထွေး၊ (ဦးသော်-ဒေါ်ယဉ်နွဲ့)၊ (ဦးသက်ဖေ-ဒေါ်အေးမို)၊ (ဒေါ်အေးကြည်)၊ (ဦးမော်သိန်း)-ဒေါ်အေးရီတို့၏ညီမ၊ တူ၊ တူမ ၁၃ ယောက်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဒေါ်၊ အဘွား ဒေါက်တာဖလော့ရင့်(စ်)မောင်မောင်သည် ၈-၈-၂၀၂၁ရက် ည ၇ နာရီတွင် ဂရင်းဟဲသာဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၁ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏
## မန္တလေးမြို့အဝင်ဂိတ်များ၌ အခွန်အခကောက်ခံခွင့်လုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၂၃ခုနှစ် မတ် ၃၁ရက်အထိ (၁)နှစ် (၆)လ အတွက် မန္တလေးမြို့အဝင်ဂိတ်များ၌ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေး ကောက်ခံခွင့်လုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀၀/-ဖြင့် အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(က) လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၆-၈-၂၀၂၁
(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်ရက် - ၃-၉-၂၀၂၁

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အခွန်ဌာန ဖုန်း- ၀၉-၄၀၂၅၂၂၀၈၅၊ ၀၉-၄၀၂၅၃၁၁၁၉ နှင့် ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဌာနမှူး၊အခွန်ဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အိမ်အမှတ်(၁၅၄၊ ၁၅၅)နေ ဦးကျော်ဇေယျကမော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၈၂/၁၆၀၀)၊ကျိုက်ပိအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၃၂/၂)၊ မြေကွက်အမှတ်(၈၂)၊ ဧရိယာ ၀ ဒသမ ၁၅ ဧကရှိ မြေအား ဆန်စက်လုပ်ငန်း အသုံးပြုရန်အတွက် စက်မှု/စီးပွား/မြေငှား ဂရန်(အသစ်)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ကျွန်းမြို့နယ်

## ဖျာပုံမြို့မဈေးတည်ဆောက်ရေးလုပ်ငန်းကော်မတီ
## ဖျာပုံမြို့မ(၂)ထပ်ဈေးကြီး တည်ဆောက်ရေးအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖျာပုံမြို့မ(၂)ထပ်ဈေးကြီး ဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် တင်ဒါလျှောက်လွှာပုံစံများကို ၉-၈-၂၀၂၁ရက်မှ ၈-၉-၂၀၂၁ရက်အထိ ရုံးချိန်အတွင်း Online စနစ်ဖြင့် ဝယ်ယူပြီး ၉-၉-၂၀၂၁ရက် ညနေ ၄နာရီနောက်ဆုံး တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်သိလိုပါက မြို့နယ်စည်ပင်သာယာရေးကော်မတီ(ရုံးဖုန်း-၀၄၅၄၀၃၅၆)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးတည်ဆောက်ရေးလုပ်ငန်းကော်မတီ
ဖျာပုံမြို့

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၈-၂၀၂၁ရက် (အင်္ဂါနေ့)
ညနေ ၄:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၉၁၇၀

စာအုပ်စာပေ လူ့မိတ်ဆွေ

### ရဟန်းဒါယကာကြီး
## ဗိုလ်ကြီးတင်ဝင်း(ငြိမ်း)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့
### အထွေထွေမန်နေဂျာ MY HOMELAND, CO.LTD(MHL)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကြည်-ဒေါ်သန်းနွဲ့)တို့၏သားကြီး၊ (ဦးချစ်မြိုင်-ဒေါ်မယ်သိန်း)တို့၏သားသမက်၊ ဒေါ်ချိုမာထွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းကျော်ဖြိုး၊ မောင်စည်သူဝင်း(ခ)စိုးနိုင်ဝင်းတို့၏ချစ်လှစွာသော ဖခင်သည် ၈-၈-၂၀၂၁ ရက် နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၂၅ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးသန်းဌွေး (ငြိမ်း)
## ကြည်း/၉၇၂၄ OTS 29
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ်(၂၄)နေ ဒေါ်ခင်စောဝင်း မြန်မာ့လေကြောင်း(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးသန်းဌွေး(ငြိမ်း)သည် ၇-၈-၂၀၂၁ရက် နံနက် ၁၁:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

OTS 29 မှ သူငယ်ချင်းများနှင့် မိသားစုများ

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရားဒါယိကာမ
## ဒေါ်ကျော့ခင်
### အသက်(၈၃)နှစ်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၈/၅၂၆)နေ ဗိုလ်မှူးမြတ်စိုး(အငြိမ်းစား) (OTS.83)၏ မိခင်ဒေါ်ကျော့ခင်သည် ၇-၈-၂၀၂၁ ရက် ၀၄:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃)စည်သူတပ်ခွဲမှ သူငယ်ချင်းမိသားစုများ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စံပယ်
### ဦးစီးအရာရှိ(မြို့ပြ)၊ ဒက္ခိဏသီရိမြို့နယ်
### အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၊ ဇေယျာသုခလမ်း၊ (၂၅)ရပ်ကွက်နေ (ဦးဘကြွယ်-ဒေါ်ခင်စန်း)တို့၏သမီး၊ ဦးပြည့်ဖြိုးကျော်၏ချစ်လှစွာသောဇနီး ဒေါ်စံပယ် ဦးစီးအရာရှိ(မြို့ပြ) သည် ၉-၈-၂၀၂၁ ရက် (တနင်္လာနေ့)နံနက် ၉:၀၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ်နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နေပြည်တော်လမ်းဦးစီးဌာန
ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ

### နယ်စပ်ရေးရာဝန်ကြီးဌာန
### နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါ တင်သွင်းရန် နောက်ဆုံးနေ့ရက်အား
### ပြောင်းလဲသတ်မှတ်ကြောင်းကြေညာခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်(80/100)အမျိုးအစား ကတ္တရာ ၆၀၀ တန်နှင့် 90W Solar ၁၅၀၀ စုံအား ဝယ်ယူရန်အတွက် (၁၅-၇-၂၀၂၁)ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် (၁၆-၇-၂၀၂၁)ရက်တွင် ကြေးမုံသတင်းစာတို့၌ ကြော်ငြာခဲ့ပြီး (၁၆-၇-၂၀၂၁)ရက်မှ စတင်အဆိုပြုလွှာများ ရောင်းချပြီး (၁၃-၈-၂၀၂၁)ရက်တွင် လျှောက်လွှာတင်သွင်းခြင်းအား ပိတ်သိမ်းမည်ဖြစ်ကြောင်း ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါတွင် ကမ္ဘာတစ်ဝန်းလတ်တလောဖြစ်ပွားနေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ Coronavirus Disease 2019 (COVID-19)ရောဂါကြောင့် ခရီးသွားလာမှု ကန့်သတ်ချက်များရှိနေသဖြင့် တင်ဒါအဆိုပြုလွှာများတင်သွင်းရန်ပိတ်သိမ်းရက်အား မူလသတ်မှတ်ထားသည့် (၁၃-၈-၂၀၂၁)ရက်အစား (၂၀-၈-၂၀၂၁)ရက် ညနေ ၄နာရီ အချိန်ထိ ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်းနှင့် COVID-19 စည်းကမ်းသတ်မှတ်ချက်များနှင့် အညီတင်ဒါဖွင့်ပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

တင်ဒါကော်မတီ
နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ်(၄၂)၊ နေပြည်တော်

## အများသိစေရန်ကြေညာခြင်း

